# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၇)


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## သာယာဝတီခရိုင်အတွင်း ကောက်စိုက်စက်ဖြင့် နွေစပါး ဧက ၂၇၀ ကျော် စိုက်ပျိုးပြီးစီး

သာယာဝတီ မေ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးမှု များပြားလာကြောင်း သိရသည်။

သာယာဝတီမြို့နယ်၌ နွေစပါး စိုက်ဧက ၁၀၀ ကျော်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးပေးခဲ့ကြောင်း၊ တောင်သူများအနေဖြင့် နှစ်သီးမှ သုံးသီးတိုးချဲ့စိုက်ပျိုးလာခြင်း၊ ရာသီအချိန်မီ စိုက်ပျိုးထုတ်လုပ်လိုခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❋

### ယနေ့ ဖတ်စရာ


ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဂိုဏ်းပေါင်းစုံသံဃာ (၁၁၁၁၁) ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကျင်းပမည် — ပြည်တွင်းသတင်း စာ ၂

လေးစားကာကွယ် ဖြည့်ဆည်းပေးကြရမည့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေး — ဆောင်းပါး စာ ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေဘေး ပြန်လည်ထူထောင်ရေး ချေးငွေ ကန်ဒေါ်လာ သန်း ၂၃၀ အေဒီဘီ သဘောတူ — နိုင်ငံတကာသတင်း စာ ၁၃


### ထူးခြားသည့် နေ့အပူချိန်များ

၁၈-၄-၂၀၂၃

| | | |
|---|---|---|
| ကလေးဝမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ကလေးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တမူးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်းမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပခုက္ကူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

## ရေအခက်အခဲကြုံနေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သောက်သုံးရေများ လှူဒါန်း

ညောင်ဦး မေ ၁၈

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ သန္နေမီးသတ် တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အခက်ကြုံနေကြောင်း သိရ၍ မေ ၁၈ ရက်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## ပုံမှန်အခြေအနေရောက်ရှိရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။”ဟူသော လုပ်ငန်းစဉ်တစ်ရပ်ကို ထည့်သွင်းချမှတ်ထားသည်။ အဆိုပါ ရှေ့လုပ်ငန်းစဉ်သည် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသားအားလုံး ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်လည်း ဖြစ်သည်။

အဆိုပါ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို မဖြစ်မနေအကောင်အထည်ဖော်ရာတွင် အရေးကြီးဆုံးသော လိုအပ်ချက်မှာ နိုင်ငံတော်ကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဦးစွာပထမ ဆောင်ရွက်ကြရန်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ယခုနှစ်ဦးပိုင်း (၆-၁-၂၀၂၃) က တွေ့ဆုံအမှာစကားပြောကြားခဲ့ရာတွင် “ပုံမှန်အခြေအနေဟုဆိုရာတွင် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ ပုံမှန်အခြေအနေ၊ ၂၀၁၆ ခုနှစ် နိုင်ငံတော်၏ ပုံမှန်အခြေအနေများနှင့် ယင်းအခြေအနေများထက် မနိမ့်သည့် အဆင့်နှင့်ဖြစ်နိုင်ပါက သာလွန်သည့် တိုင်းပြည်၏ အခြေအနေကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် နိုင်ငံတော်ကို အာမခံချက်ပေးနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအနေဖြင့် မလျှော့သောဇွဲလုံ့လဖြင့် ရရှိသည့်ကာလအတွင်း ကြိုးစား၍ တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း”ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ချိန် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရှိ မြို့နယ် ၃၃၀ အနက် ၃၂၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီပထမအစိုးရသက်တမ်းကို ၂၀၁၁ ခုနှစ်တွင် စတင်ထမ်းဆောင်နိုင်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကို ၂၀၁၆ ခုနှစ်တွင် စတင်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်မူ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင်သာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းဖြစ်ရာ လာမည့်ရွေးကောက်ပွဲသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများထက် မြို့နယ်များ ပိုလျှင်သာပိုမည်၊ မလျော့နည်းစေရဘဲ ကျင်းပသွားစေနိုင်ရန် ကြိုးပမ်းသွားကြရန်ပင်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်၏ ရှင်သန်မှုမှာ ရွေးကောက်ပွဲများပင်ဖြစ်ရာ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် မြို့နယ်တိုင်းတွင် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန် လိုအပ်သည်။ လက်နက်ကိုင်ပဋိပက္ခများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ နယ်မြေအတွင်း ရှိနေခြင်း၊ တည်ငြိမ်အေးချမ်းမှု မရှိခြင်းတို့က ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများကိုလည်း ဆုံးရှုံးစေသည်။

ရပ်ရွာဒေသများ တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်များ စွန့်လွှတ်ချုပ်ငြိမ်း၍ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်သော လွှတ်တော်မှတစ်ဆင့် ဒေသနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဂိုဏ်းပေါင်းစုံ သံဃာ ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကျင်းပမည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းရှိပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့သွားရောက်၍ ကဆုန်လပြည့်ဗုဒ္ဓနေ့ ဂိုဏ်းပေါင်းစုံ သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနား ကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်နှင့် အဖွဲ့သည် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူရာတွင် သံဃာတော်များ လိုက်ပါမည့် ယာဉ်များအတွက် ယာဉ်ဆင်းရပ်၊ ယာဉ်များ စောင့်ဆိုင်းမည့်လမ်းကြောင်း၊ သံဃာတော်များ နားနေရန်နေရာနှင့် ကြွချီမည့်လမ်းကြောင်း၊ ယာဉ်တက်ရပ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ချက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲနှင့် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲအခမ်းအနား တက်ရောက်



**မော်လမြိုင် မေ ၁၈**

သတ္တဝါများ ဘေးအန္တရာယ်ကင်းရှင်းပြီး အသက်ရှည်စွာနေနိုင်ကြစေရန်နှင့် ရှေးအစဉ်အဆက် ပြုလုပ်လာသည့် ကောင်းမြတ်သည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်း စောင့်ရှောက်ရန် ရည်ရွယ်၍ ၁၃၈၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဆိပ်ကမ်းသာတံတား၌ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ ရွှေတောင်ကျောင်းမှ သံဃာတော် ငါးပါးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေကာ လှူဖွယ်ပစ္စည်း အစုစုတို့အား ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ သထုံစခန်းမှ ထုတ်သော နှစ်လက်မနှင့်အထက် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းအား သံလွင်မြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ် ကုသိုလ်ယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့များသည် တောင်ဝိုင်း ဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် သက်ကြီးရွယ်အိုဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနား တက်ရောက်ပြီး တောင်ဝိုင်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်က တောင်ဝိုင်းဘိုးဘွားရိပ်သာ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြကာ အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့၍ အဘိုးအဘွားများအား ကန်တော့ခံပစ္စည်းများလှူဒါန်းရာ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးနှင့် အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ခင်စန်းမြင့်(ခရိုင်ပြန်/ဆက်)**



ကချင်ပြည်နယ် တနိုင်းမြို့၌ မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့)က ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အသက် ၈၀ နှစ်အထက် သက်ကြီးဘိုးဘွားပူဇော်ပွဲ ပြုလုပ်စဉ်။

(ထို့အတူ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရာ တနိုင်းချောင်းအတွင်းသို့ ငါးမြစ်ချင်း ၂၅၀၀ နှင့် ငါးကြင်းရွှေဝါ ၂၅၀၀ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၅၀၀၀ ကို တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဇီဝိတဒါန လွှတ်ပေးခဲ့ကြောင်း သိရသည်။)

**ပန်းအိ (တနိုင်း)**

## ဝိုင်းမော်မြို့နယ် မနောမြန်မာရက်ကန်း သမဝါယမအသင်းက ကချင်ရိုးရာအထည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ မနောမြန်မာရက်ကန်းကုန်ထုတ် သမဝါယမအသင်းက အသင်းသားပိုင် စက်ရက်ကန်းစင် ၁၆ စင်ဖြင့် ကချင်ရိုးရာအထည်များ ရက်လုပ်လျက်ရှိသည်။ စက်ရက်ကန်းစင် တစ်စင်လျှင် တစ်လပျမ်းမျှ အထည် ၁၀၀ ကျော်ဖြင့် ၁၆ စင်လျှင် ပျမ်းမျှအထည် ၃၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ရရှိလာသော ကချင်ရိုးရာ (ကျား၊ မ)ဝတ် အထည်များနှင့် ရိုးရာတဘက်၊ ခေါင်းပေါင်းများအား ကချင်ပြည်နယ်အတွင်းသာမက အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး - မန္တလေး) ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအား ငွေပဒေသာပင် စိုက်ထူလှူဒါန်း

**နေပြည်တော် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး- မန္တလေး) ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအား ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံကြီး၌ ပြုလုပ်ရာ ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက် ရတနာသင်္ဂီဒိုက်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ရတနာသင်္ဂီဒိုက်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ကန်တော်ကြီး-မန္တလေး) အတွက်ငွေပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ရတနာသင်္ဂီဒိုက်ဦးကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်ကြီးများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး မန်းတောင်ရိပ်အထွေထွေရောဂါကုသဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆရာတော်ကြီးအား လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများကို အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး စီမံချက်မူကြမ်းအပေါ် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆွေးနွေးကြရန်နှင့် ဆပ်ကော်မတီဖွဲ့စည်းရေး၊ စကားဝိုင်းဆွေးနွေးပွဲ၊ စာတမ်းဆွေးနွေးပွဲများ ကျင်းပရေးအတွက် အကြံပြုကြရန်တို့ကို ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ အစည်းအဝေးတက်ရောက်လာသူများက ညီလာခံဆွေးနွေးပွဲ ခေါင်းစဉ်များ၊ စာတမ်းဆွေးနွေးပွဲ ခေါင်းစဉ်များနှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❋ ***ရွှေဖုံးမှ***

မျိုးစေ့ကုန်ကျမှု သက်သာခြင်း ၊ လုပ်အားခသက်သာခြင်း၊ သက်တမ်းနုပျိုးပင်ငယ်များ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်း ကောင်းမွန်စေခြင်း၊ ပေါင်းရှင်းရန် လွယ်ကူခြင်းနှင့် ရိတ်သိမ်းစက်များဖြင့် အလွယ်တကူ အဆင်ပြေစွာ ဝင်ရောက်ရိတ်သိမ်းနိုင်ခြင်း စသည်တို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး လာမည့်မိုးစပါးရာသီတွင် ကောက်စိုက်စက်ဖြင့် ဧကများစွာ စိုက်ပျိုးရန် တောင်သူများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

သာယာဝတီခရိုင်အတွင်း ကောက်စိုက်စက်ဖြင့် နွေစပါး ဧက ၂၇၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးမှူးထံမှ သိရသည်။

**သန့်ဇော် (ပြန် / ဆက်)**

❖ ***ရွှေဖုံးမှ***

နံနက် ၇ နာရီက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြု သောက်သုံးရေများ သွားရောက် ဖြည့်ဆည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြည်သူ့အကျိုးပြု သောက်သုံးရေ လှူဒါန်းပေးခြင်းကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ စခန်းတာဝန်ခံ တပ်ကြပ်ကြီး သိန်းကျော် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက တောင်ဇင်းကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ရေဂါလန် ၁၆၀၀ အား ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်းလှူဒါန်းပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ  ၁၈**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက်တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နားနေဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက MRTV ၏ နိုင်ငံတော် သံစုံတီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်း နေရာချထားမှု၊ အခမ်းအနားတွင် ဖျော်ဖြေမည့် တေးသီချင်းများ ရွေးချယ်မှု၊ အခမ်းအနားမှူးများ နေရာချထားမှု၊ ဧည့်သည်တော်များ ဖိတ်ကြားမည့် အစီအစဉ်၊ ကြိုဆိုဧည့်ခံရေး ဆောင်ရွက်ထားရှိမှုနှင့် ဧည့်သည်တော်များ တည်းခိုနေရာချထားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားကျင်းပမည့် စင်မြင့်ဆောက်လုပ်နေမှု၊ ထိုင်ခုံခင်းကျင်းမှုနှင့် အနုပညာရှင်များအတွက် အနီရောင် ကော်ဇောလျှောက်လမ်းနေရာ လျာထားမှုတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ညစာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော်  မေ  ၁၈**

မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ မြန်မာ–ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား Bloggers အဖွဲ့ခေါင်းဆောင်၊ ရုရှား–မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းအတွင်းရေးမှူး Mr. Seferov Rushen နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ခရီးစဉ်နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုရှားနိုင်ငံ Bloggers အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရုရှားနိုင်ငံ Bloggers အဖွဲ့ခေါင်းဆောင် Mr. Seferov Rushen ကို အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

အဆိုပါ ရုရှား Bloggers အဖွဲ့သည် မြန်မာ–ရုရှား ချစ်ကြည်ရေးအသင်း၏စီစဉ်မှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ရုရှား Bloggers အဖွဲ့တွင် ရုရှားနိုင်ငံမှ ရုပ်ရှင်၊ ဂီတ၊ ဒီဇိုင်နာ၊ ပန်းချီနှင့် မီဒီယာပညာရှင်များ ပါဝင်ကာ မြန်မာနိုင်ငံသို့ မေ ၁၂ ရက်တွင် စတင်ရောက်ရှိခဲ့၍ နိုင်ငံအတွင်းရှိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင် စသည့်မြို့များရှိ အထင်ကရနေရာများအား လေ့လာကြည့်ရှုခြင်း၊ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခြင်းများ ဆောင်ရွက်ခဲ့သည်။ ၎င်းတို့ သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ၏ အထင်ကရနေရာများနှင့် အတာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲခဲ့မှုများကို ၎င်းတို့နိုင်ငံရှိ Online Website များ၌ လွှင့်တင်ခြင်းများနှင့် ထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ အစားအသောက်များ၊ မြန်မာနိုင်ငံ၏ ရှုခင်းအလှအပများကို ရုရှားပြည်သူများ ပိုမိုသိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ရုရှား Bloggers အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုသာမက ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့၌ သက်ကြီးဘိုးဘွားများအား ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပ

**ဘူးသီးတောင်  မေ  ၁၈**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်ဆန်း ၁ ရက်တွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဒုတိယအကြိမ်မြောက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ ညနေ ၄ နာရီက ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ပြီး ဘူးသီးတောင် တပ်နယ်မှူး ဗိုလ်မှူးကြီး တင်မိုးအောင်နှင့် အဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက သက်ကြီးဘိုးဘွားများအား ကန်တော့ချီးဖြင့်ပူဇော်ကာ ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြရာ ကန်တော့ခံသက်ကြီးဘိုးဘွားများ (ကိုယ်စား) အဘိုး၊ အဘွား နှစ်ဦးတို့က ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ယနေ့ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ်ရှစ်သောင်းနှုန်းဖြင့် အဘိုး၊ အဘွား ၈၅ ဦးအတွက် စုစုပေါင်း အလှူငွေကျပ် ၆၈၀၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြန်မာ့နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ အခမ်းအနားတက်ရောက်ကြည်ညို

**နေပြည်တော် မေ ၁၈**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက် မြန်မာ့နှစ်သစ်ကူး နေပြည်တော် စည်ပင်သာယာရေးကော်မတီ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်နာယူခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ကျင်းပရာ ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ နှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် ပျဉ်းမနားမြို့ မာရ်အောင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရ အရှင်သူမြတ်ထံမှ ငါးပါးသီလဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်ဒေသနာတော်များနှင့် အန္တရာယ်ကင်းပရိတ်ကမ္မဝါစာများအား နာယူကြသည်။ (ယာပုံ)

**ရေစက်သွန်းချ အမျှပေးဝေ**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မာရ်အောင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ပြည်လမ်း အင်းလျားကန်ပေါင်သို့ သွားရောက်၍ အများပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နေမှု၊ အင်းလျားကန်ပေါင်ဘေး ရေမြောင်းနှင့် ကမာရွတ်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အား၊ ယန္တရားအင်အားများဖြင့် ချောင်းအတွင်းရှိ အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေဆင်းဖြတ်မြောင်းများ ရှင်းလင်းရန်နှင့် ကန်ပေါင်ရှိမြက်နှင့် အလှစိုက်ပန်းပင်များ ဖြတ်ညှိရန် မှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် ပြည်လမ်းနှင့် ဇင်ဇီယာလမ်းထောင့်ရှိ အောင်သိဒ္ဓိချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်းမှ အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ အင်းစိန်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ် အကြား တော်ဝင်လမ်းဖြတ် အောင်သိဒ္ဓိ ချောင်းကူးတံတား တည်ဆောက်ပြီးစီးမှု၊ အောင်သိဒ္ဓိချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းဘေး မြေယာရှုခင်း ဆောင်ရွက်ထားရှိမှု၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ် အကြား မင်းဓမ္မလမ်းပေါ်ရှိ သမိုင်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းကမ်းဝဲ/ယာ တိုးချဲ့နေမှုနှင့်ချောင်းအတွင်းမှ အမှိုက်နှင့် နုန်းများ ဆယ်ယူ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

## ဗဟန်းမြို့နယ်၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် မြန်မာ့နှစ်ဆန်း ၁ ရက် မြို့နယ်လုံးကျွတ် အန္တရာယ် ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက်က မြို့နယ်ထွေအုပ်ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များမှ မြို့နယ်အတွင်း ဘေးဥပါဒ်အန္တရာယ်အပေါင်းမှ ကင်းဝေးစေရေးအတွက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် တာဝန်ရှိသူများက ပရိတ်ရွတ်ဖတ်ပူဇော်ခဲ့ကြသည့် ဆရာတော် သံဃာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်အတွင်းရှိ အသက် (၈၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် အဘိုးအဘွားများအား ကန်တော့ခဲ့ကြပြီး ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အောင်မြင့်(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်း မျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း၊ စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ် အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ် ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသားနှစ်ဦးအား လွတ်ငြိမ်းခွင့်ပေး

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးအကျဉ်းထောင်အတွင်းရှိ အချုပ်သား၊ အချုပ်သူများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် လွတ်မြောက်သော အချုပ်သား နှစ်ဦးအား ယမန်နေ့နံနက် ၁၀ နာရီခွဲက ညောင်ဦးအကျဉ်းထောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်က အမှာစကားပြောကြားပြီး ဒုတိယရဲမှူးကြီး မြအောင်က ဩဝါဒစကားပြောကြားသည်။ ထို့နောက် ညောင်ဦးအကျဉ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်မင်းက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်၊ အသိပညာပေး လက်ကမ်းစာစောင်၊ ခရီးစရိတ်နှင့် စားစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် နံနက်ပိုင်းက ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့ ဟံသာဝတီ ရှေးဟောင်းကျုံး ရေပြင်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီး စုစုပေါင်းအကောင်ရေ ၁၅၀၀၀၀ အား ကျုံးရေပြင်အတွင်းသို့ ငါးများ လွှတ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ပဲခူးမြို့ပေါ် ရပ်ကွက် (၃၁) ရပ်ကွက်နှင့် သပြေကုန်း ဘိုးဘွားရိပ်သာတို့မှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလိုနေ့ထူးနေ့ထူးမြတ်တွင် ဂါရဝေါစ ဆိုသည့် မင်္ဂလာတရားတော်နှင့် အညီ ရိုသေသင့် ရိုသေထိုက်သူများ၊ ပူဇော်သင့် ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ရခြင်း ဖြစ်ပါကြောင်း၊ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်မင်္ဂလာအခါသမယတွင် သက်ကြီးဝါကြီး ဘိုးဘွားများနှင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အဘိုး အဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး အလှူငွေနှင့် ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တက်ရောက်လာသည့် ကန်တော့ခံအဘိုးအဘွားများအား ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့ပေါ် ရပ်ကွက် (၄၀) နှင့် ကျေးရွာ ၆၆ ရွာမှ အသက် (၈၅) နှစ်အထက် ဘိုးဘွား ၁၁၉၃၇ ဦးနှင့် သပြေကုန်း ဘိုးဘွားရိပ်သာမှ ဘိုးဘွား ၂၉ ဦး စုစုပေါင်း ၁၉၆၆ ဦးတို့အား ပူဇော်ကန်တော့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝန်ထမ်းမိသားစုများ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝန်ထမ်းမိသားစုများ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

မြန်မာလူမျိုးတို့၏ ဓလေ့ရိုးရာအရ နှစ်သစ်ကူးကောင်းမှုကုသိုလ်များ ပြုလုပ်ရာတွင် အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲများကို နိုင်ငံတစ်ဝန်းကျင်းပကြပြီး ယနေ့တွင်လည်း အစိုးရအဖွဲ့ ရုံးဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များပင့်ဖိတ်၍ ကျင်းပကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ အစိုးရအဖွဲ့ ရုံးအရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တိုက်ကျောင်းပါဠိတက္ကသိုလ်၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီဟနာဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်အပ်သော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တ ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## သန်လျင်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်

**သန်လျင် မေ ၁၈**

သန်လျင်ခရိုင် သန်လျင်မြို့နယ်တွင် မေ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက် နံနက်တွင် သန်လျင်မြို့နယ် ဇာမဏ္ဍီဆည်အတွင်းသို့ ဇီဝိတဒါန ငါးကောင်ရေတစ်သောင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပသည်။ **(ယာပုံ)** ထို့နောက် သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်ရုံး၌ ကျင်းပသော သက်ကြီး ဘိုးဘွားများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ပြီး ကန်တော့အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မြန်မာနှစ်ဆန်း တစ်ရက် ညနေပိုင်းတွင် သန်လျင်မြို့နယ် သံဃနာယက ဆရာတော်ကြီး အမှူးပြုသော သံဃာတော် ကိုးပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ မြို့လုံးကျွတ်လှည့်လည်ရွတ်ဖတ်တော်မူကြပြီး ရပ်ကွက်ကျေးရွာ လမ်းအသီးသီး၌လည်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မိုးကောင်းမဟာမြတ်မုနိဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနား၌ ကျင်းပ



လွိုင်ကော် မေ ၁၇

ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မိုးကောင်းမဟာမြတ်မုနိဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီခွဲက လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မိုးကောင်း မဟာမြတ်မုနိဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

**ကိုးပါးသီလခံယူ**

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး နှင့် ဧည့်သည်တော်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္က (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ) ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ရေစက်သွန်းချ**

ဆက်လက်၍ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္က (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ) ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

---

# ကချင်ပြည်နယ် ချီဖွေခရိုင်အတွင်းရှိ ဝေးလံခက်ခဲသောဒေသများသို့ သွားရောက်အခမဲ့ဆေးဝါးကုသမှု ဆောင်ရွက်ပေးကြသည့်

# ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့အား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား မေ ၁၇

**ကချင်ပြည်နယ် ချီဖွေခရိုင်အတွင်းရှိ သွားလာရခက်ခဲသော ကျေးရွာများအထိ စေတနာထက်သန်စွာဖြင့် ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသော ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းတို့အား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။**

ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ပြည်နယ်အတွင်း သွားလာရခက်ခဲပြီး ဝေးလံသော တောင်ပေါ်ဒေသနေ ဒေသခံတိုင်းရင်းသားများအား ယခုလို အခမဲ့ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသူများအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအနေဖြင့်လည်း ယခုကဲ့သို့ မိမိတို့ အစိုးရအဖွဲ့၊ ကျန်းမာရေးဌာနနှင့်အတူ နောင်တွင်လည်း ဆက်လက်ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချီဖွေခရိုင် ချီဖွေမြို့နယ် ပန်ဝါမြို့ရှိ ဒေသခံပြည်သူများအား စေတနာထက်သန်စွာ အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ကချင်ပြည်နယ် အခမဲ့ ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အမှတ်တရဂုဏ်ပြုလက်ဆောင်တို့ကို ဂုဏ်ပြုချီးမြှင့်ပြီး ချီဖွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဇခုန်ယိန်းဆောင်ကလည်း အမှတ်တရ လာချိဒ်ရိုးရာစောင်ခါးနှင့် ရိုးရာအဝတ်အထည်များကို ဂုဏ်ပြုချီးမြှင့်သည်။




အဆိုပါ ချီဖွေခရိုင်အတွင်း ဝေးလံခက်ခဲသောဒေသများရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာ လှိုင်လှိုင်ငွေးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်မြို့မှ အထူးကုဆရာဝန်များ၊ ကချင်ပြည်နယ်အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒူဝါဒေါက်တာဘွမ်ယွန်နှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့မှ မေ ၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် စုဖွဲ့၍ ထွက်ခွာခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က လိုက်ပါပို့ဆောင်ကြပြီး ခရီးစဉ် အဆင်ပြေချောမွေ့စေရေး ဆုတောင်းအားပေးစကားပြောကြားခြင်းနှင့် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

---

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းကုန်း၊ အိမ်မဲ၊ မြောင်းမြမြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုအားပေး

ပုသိမ် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျောင်းကုန်းမြို့နယ်သို့ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု စာဖြူစုရွာရှိ မုန်းသီတာကုမ္ပဏီသို့ သွားရောက်ပြီး အရည်အသွေးမြင့် ဆန်များ ထုတ်လုပ်၍ ပြည်တွင်း ပြည်ပ တင်ပို့ရောင်းချနိုင်ရေး၊ မျိုးကောင်းမျိုးသန့် မျိုးစပါးများ ပိုမိုထုတ်လုပ်၍ တောင်သူများထံ ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုးစပါးထုတ်လုပ်ရောင်းချမှုနှင့် တောင်သူများမှ ဝယ်ယူသုံးစွဲမှု အခြေအနေများအား စနစ်တကျ မှတ်တမ်းထားစေရေး မှာကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ မိုးရာသီအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ပွဲအခမ်းအနား တက်ရောက်ပြီး တောင်သူများထံ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပေးအပ်ကာ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်ပေးသည်။



ဆက်လက်၍ ဇရပ်ကွင်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးမျိုးမင်းဇော်၏ လယ်မြေ ၁၇ ဧကတွင် ယခင်တစ်နှစ် နှစ်သီး စိုက်ပျိုးရာမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ယခုနှစ်တွင် သုံးသီး တိုးတက်စိုက်ပျိုးထားသည့် တတိယသီးနှံ နွေစပါး (ပခမ်းရွှေဝါ)မျိုးစပါး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများနှင့် တောင်သူ ဦးဝင်းအောင်၏ လယ်မြေ ၁၀ ဧကတွင် ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းပွဲ တက်ရောက်၍ နွေစပါး (ဆာဖိုးသာ) မျိုးစပါး ၀ ဒသမ ၁၀ ဧက အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧက ၁၆၄ တင်းနှုန်း ထွက်ရှိခဲ့မှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိမ်မဲမြို့နယ် မဲဇလီစာဖြူစုကျေးရွာရှိ မြို့နယ် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီမှ ဆောင်ရွက်သည့် နေကြာ စံပြစိုက်ကွက်အား ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေလုံလောက်စွာ ပေးသွင်းစေရေးနှင့် အောင်မြင်အောင် ဆောင်ရွက်စေရေး မှာကြားသည်။

ထို့နောက် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာ တွင် ပြုလုပ်သည့် ၂၀၂၂-၂၀၂၃ မိုးရာသီအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ပွဲအခမ်းအနား တက်ရောက်ပြီး တောင်သူများထံ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပေးအပ်ကာ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ပေးသည်။**(ဓာတ်ပုံ)** ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၊ ရေတော်မိုးတော် မိုးစပါးစိုက်ပျိုးရာသီအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ဧကတစ်သိန်း ထည့်သွင်းစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ စိုက်ဧက ၂၂၇ ဧက ကြဲပက်ပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အမ်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၁၈**
ရခိုင်ပြည်နယ် အမ်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီး ကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန်အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တပ်ရင်း/ တပ်ဖွဲ့များမှ စုပေါင်း လှူဒါန်းသည့် အလှူငွေများ ပေးအပ်လှူဒါန်း ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက် ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစု များက အဆိုပါကျောင်းတိုက် ဆရာတော်ထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/ တပ်ဖွဲ့များမှ စုပေါင်း လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ နှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျောင်းသား ကျောင်းသူများ၏ နွေရာသီ ကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီး၌ နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၈**
ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီ ကျောင်းပိတ် ရက်ကာလများတွင် အားလပ်ချိန် ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထား တတ်စေရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချ



ဘာသာရပ်များနှင့်အတူ ဗဟု သုတရစေပြီး မြတ်ဗုဒ္ဓ၏ အဆုံး အမနှင့် ကျင့်စဉ်များကို ပိုမို နက်ရှိုင်းစွာ နားလည်စေရန် နှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် များ၊ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့ များရှိ တပ်မတော်သား မိသားစု ဝင် ကျောင်းသား ကျောင်းသူများ အား ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ အခြေခံအင်္ဂလိပ်စာ သင်တန်း နှင့် မြန်မာ့သိုင်းသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေး လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင် ခန်းမ၌ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို လည်းကောင်း (ဓာတ်ပုံ)၊ အနောက် တောင် တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌ အင်္ဂလိပ်စာ သင်တန်း၊ ကွန်ပျူတာသင်တန်း နှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်ပွဲကို လည်းကောင်း ပြုလုပ် ကြသည်။

သင်တန်းဖွင့်ပွဲများသို့ တိုင်း စစ်ဌာနချုပ်အလိုက် တိုင်းမှူးများ နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊ မိသားစု များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲများ တွင် တိုင်းမှူးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြ ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ ၌လည်း တပ်မတော်သားမိသားစု ဝင် ကျောင်းသား ကျောင်းသူ များ အား နွေရာသီသင်တန်း များကို ဖွင့်လှစ် သင်ကြားပေး လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## မအူပင်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**မအူပင် မေ ၁၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဇီဝိတ ဒါန ငါးလွှတ်ပွဲအခမ်းအနားကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်း (၁)ရက်နေ့) နံနက်ပိုင်းက မင်းရော တံတား၌ ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ မအူပင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးရုံး ဝန်ထမ်းများ၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်၊ ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးမင်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှူးနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ကြီးကြပ် အဖွဲ့ဝင်များ၊ တလုပ်လုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ အောင်ဟိတ် ငါးလုပ်ငန်းစခန်းတာဝန်ခံ နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက တလုပ်လု ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော ငါးခုံးမကြီး ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်း စုစုပေါင်းကောင်ရေ သုံးသိန်းအား တိုးမြစ် အတွင်း ဇီဝိတဒါနအဖြစ် ကုသိုလ်ပြု လွှတ်ပေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်




**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**



## ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၈

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန် တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန် အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိ သူများသည် မှော်ဘီမြို့နယ်ရှိ ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း (ဝါးနက်ချောင်း)၊ အမှတ်(၂) စိုက်ပျိုး / မွေးမြူရေး စခန်း (မှော်ဘီ) နှင့် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၄) စိုက်ပျိုးမွေးမြူရေး (စခန်း)တို့၌ ဆိတ်၊ အသားတိုး ကြက်၊ ဥစားကြက်၊ အသားတိုး နွားနှင့် နို့စားနွား မွေးမြူ ထားရှိမှု၊ သီးပင်စားပင်များနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုး ထားရှိမှုများအား ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင် ရွက်နိုင်ရေးနှင့် လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# လေးစားကာကွယ် ဖြည့်ဆည်းပေးကြရမည့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေး

ဒေါက်တာ ခိုင်ခိုင်ဝင်း

**ယနေ့ကမ္ဘာကြီးတွင် အသက်အရွယ်ကြီးမြင့်ပြီး အသက်ရှည်ကြသူ သက်ကြီးရွယ်အိုများ များပြားလာသည်နှင့်အမျှ သက်ကြီးရွယ်အို အသိုင်းအဝိုင်းသည်လည်း ပိုမိုကျယ်ပြန့်လာနေသလို သက်ကြီးရွယ်အိုများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို လေးစားကာကွယ် မြှင့်တင်ကြရန် လုပ်ဆောင်လာနေကြပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် World Population Ageing ၏ ထုတ်ပြန်ချက်အရ ကမ္ဘာကြီးတွင် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ သန်းပေါင်း ၇၀၀ ကျော်ရှိနေပြီဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်ရောက်ပါက ၁ ဒသမ ၅ ဘီလီယံအထိ တိုးမြင့်ရောက်ရှိမည်ဟုလည်း ခန့်မှန်းထားသည်။ အဆိုပါ ကိန်းဂဏန်းသို့ရောက်ရှိမည်ဆိုပါက လူခြောက်ဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဖြစ်မည် ဖြစ်သည်။**

သက်ကြီးရွယ်အိုများအား အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများပါဝင်သည့် အပြည်ပြည်ဆိုင်ရာ စာရွက်စာတမ်းများကို ကြည့်မည်ဆိုပါက ၁၉၈၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော 1982 Vienna International Plan of Action on Ageing၊ ၁၉၉၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် 1991 UN Principles for Older Persons နှင့် ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် 2002 Madrid International Plan of Action on Ageing စာရွက်စာတမ်းများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်းကို ကြည့်မည်ဆိုပါကလည်း ASEAN Human Rights Declaration နှင့် Kuala Lumpur Declaration on Ageing တို့တွင်သက်ကြီးရွယ်အိုများအား အလေးထားကာကွယ်ကြမည်ဖြစ်ကြောင်း ဖော်ပြပါရှိထားပြီးဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့်လည်း နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) အဖြစ် သတ်မှတ်ကြောင်းကို ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ( ၄၅/၁၀၆) ဖြင့် ဆုံးဖြတ်ခဲ့ပြီး သက်ကြီးရွယ်အိုများအပေါ် ကုလသမဂ္ဂ၏ အလေးထားမှုကို ပြသခဲ့သည်။




**❝သက်ကြီးရွယ်အိုများသည် ထိရှလွယ်အုပ်စု (Vulnerable group) တွင် ပါဝင်သူများဖြစ်ရာ သက်ကြီးရွယ်အိုများအတွက် စဉ်းစားပေးမှုတွင် အခြားသော ထိရှလွယ်အုပ်စုဝင်များဖြစ်သည့် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းများနည်းတူ စဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ရာ ယနေ့ခေတ်လို သဘာဝဘေးအန္တရာယ်များ အဖြစ်များနေသည့် ကာလကြီးတွင် သဘောဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး စီမံချက်များ၊ စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များချမှတ်ရာတွင် လည်းကောင်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်၊ အစားအသောက်ရပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ ပြန်လည်ထူထောင်ရေးစခန်းများတွင် နေထိုင်ခွင့်စသည့် အခွင့်အရေးများကို ထည့်သွင်းရေးဆွဲပြီး အခွင့်အရေးများကို ဖြည့်ဆည်းပေးကြရမည်❞**

**ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်**

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက် အမှတ် A/RES/65/182 ဖြင့် Open-ended Working Group on Ageing for the purpose of strengthening the protection of the human rights of older persons (OEWGA) ကိုဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သက်ကြီးရွယ်အိုများအတွက် ပိုမိုထိရောက်မှုရှိပြီး အခွင့်အရေးများကို ပိုမို ဖြည့်ဆည်းကာကွယ်ပေးနိုင်သည့် ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို အခွင့်အရေး သဘောတူစာချုပ် (International Treaty on the Human Rights of Older Persons) ထွက်ပေါ်လာရေး ကမ္ဘာတစ်ဝန်းလုံးရှိ နယ်ပယ်အစုံ၊ ကဏ္ဍအစုံမှ ပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များက ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း အခြားသောနိုင်ငံများနည်းတူ သက်ကြီးရွယ်အိုများ များပြားလာသည့် နိုင်ငံဖြစ်ရာ နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအား ကာကွယ်စောင့်ရှောက်နိုင်ရန် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄ ဖြင့် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဥပဒေအရ အသက် ၆၀ နှင့်အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးသည် သက်ကြီးရွယ်အိုများဖြစ်ပြီး သက်ကြီးရွယ်အိုများအား အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**လူ့အခွင့်အရေးများ ကျယ်ကျယ် ပြန့်ပြန့် ဖြစ်ပေါ်နေ**

လူ့အခွင့်အရေးရှုထောင့်မှ ကြည့်မည်ဆိုပါက သက်ကြီးရွယ်အိုများသည် ယင်းတို့၏ နေ့စဉ်လူမှုဘဝတွင် ခွဲခြားဆက်ဆံခံရခြင်း(Discrimination)၊ ပူးပေါင်းပါဝင်ခွင့်မရခြင်း (Right to participation)၊ ကျန်းမာရေးစောင့်ရှောက်ခွင့်မရခြင်း (Right to health))၊ သတင်းအချက်အလက်များ မရရှိခြင်း (Right to information)၊ တန်းတူညီမျှမရှိခြင်း (Equality)၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မရှိခြင်း (freedom of expression) စသည့် အခြေခံ လူ့အခွင့်အရေးများ ထိပါးခံနေရမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်း ဆန်းစစ်လေ့လာချက်များက ဆိုထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလကြီးတွင် အဆိုပါ ထိပါးချိုးဖောက်ခံရမှုများသည် ပို၍ထင်သာမြင်သာရှိသည်ဟုလည်း ဆိုကြသည်။ သက်ကြီးရွယ်အိုများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကိုယ်၊ စိတ် ပင်ပန်းဆင်းရဲမှုများသည် ငယ်ရွယ်သူများထက် ပိုမိုတွေ့ကြုံခံစားခဲ့ကြရပြီး လျစ်လျူရှုခြင်းတို့ကို ခံစားခဲ့ရသည်လည်း ဖြစ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်ကြသူများသည် ပိုမိုထိခိုက်စွာ ခံစားခဲ့ကြရသည်ဟု ဆိုသည်။ သို့ရာတွင် ကိန်းဂဏန်းအတိအကျဖြင့် သိရှိနိုင်ရေးအတွက်မူ အချက်အလက်ကောက်ယူမှုများတွင် အခက်အခဲများ ရှိနေဆဲဖြစ်သည်ဟု သိရသည်။

**သက်ကြီးရွယ်အိုများအတွက် အထူးအလေးထား**

မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းထားသည့် သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ၏ ရည်ရွယ်ချက်များထဲတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်ကာလနှင့် ပြန်လည်ထူထောင်ရေးကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေး အထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေး စခန်းများ စီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထား ဆောင်ရွက်ရန်ဟူသည့် အချက်တစ်ချက်သည်လည်း အပါအဝင် ဖြစ်သည်။

**အခွင့်အရေးများကို ထည့်သွင်းရေးဆွဲပြီး**

သက်ကြီးရွယ်အိုများသည် ထိရှလွယ်အုပ်စု (Vulnerable group) တွင် ပါဝင်သူများဖြစ်ရာ သက်ကြီးရွယ်အိုများအတွက် စဉ်းစားပေးမှုတွင် အခြားသော ထိရှလွယ်အုပ်စုဝင်များဖြစ်သည့် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းများနည်းတူ စဉ်းစား ဆောင်ရွက်ပေးရမည်ဖြစ်ရာ ယနေ့ခေတ်လို သဘာဝဘေးအန္တရာယ်များ အဖြစ်များနေသည့် ကာလကြီးတွင် သဘောဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များ ချမှတ်ရာတွင်လည်းကောင်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်၊ အစားအသောက်ရပိုင်ခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှုရပိုင်ခွင့်၊ ပြန်လည်ထူထောင်ရေး စခန်းများတွင် နေထိုင်ခွင့်စသည့် အခွင့်အရေးများကို ထည့်သွင်းရေးဆွဲပြီး အခွင့်အရေးများကို ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

အချုပ်ဆိုရသော် မိမိပတ်ဝန်းကျင်၊ မိမိ မိသားစု၊ မိမိနိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများသည် လူသားများထဲမှ လူသားများပင်ဖြစ်ရာ အဆိုပါ လူသားများ၏ မွေးရာပါ အခွင့်အရေးနှင့် ဂုဏ်သိက္ခာများအား လေးစားပြီး လူ့အခွင့်အရေးအခြေပြု နည်းလမ်းများဖြင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ဖြည့်ဆည်းပေးကြရမည် ဖြစ်ကြောင်းနှင့် အဆိုပါ အခွင့်အရေးများဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်နှင့်တကွ ပြည်သူအားလုံးတွင် တာဝန်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

သုတကျော်

**❖ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ နိုင်ငံရေးပါတီတစ်ရပ်သည် အစိုးရကောင်းတစ်ရပ်ဖြစ်ရန် အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများ လိုအပ်ပါသည်။ အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများကို နိုင်ငံရေးပါတီများက ရွေးချယ်မွေးထုတ်ရန် လိုအပ်သည်။ နိုင်ငံရေးပါတီကောင်းမှ အစိုးရကောင်းရရှိမည်ဖြစ်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

**နိဒါန်း**

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင် အခြေခံပြီး မိမိတို့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော အဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီဟူ၍ ရှိသည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၁၅/၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/ ၂၀၂၃)၊ (၃/ ၂၀၂၃) တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

**ပါတီစုံဒီမိုကရေစီစနစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏အခြေခံမူများအခန်း၊ ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်၊ ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးစည်းမျဉ်း စသည်တို့ ခိုင်မာစွာ ရှိရမည်ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူလူထု၏ ရွေးကောက်တင်မြှောက်မှုကြောင့် အစိုးရအဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲဖွဲ့စည်း ဖြစ်ပေါ်လာနိုင်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော ဒီမိုကရေစီအစိုးရ တစ်နည်းအားဖြင့် ပြည်သူ့အစိုးရ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ပါတီစုံစနစ်ဆိုသည်မှာ ရွေးကောက်ပွဲများတွင် နှစ်ပါတီနှင့်အထက် ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံကြခြင်းကို ခေါ်သည်။ အများအားဖြင့် ပါတီသုံးပါတီထက် ပိုမိုပါဝင်သောကြောင့် ပါတီတစ်ခုတည်းက နိုင်ငံတော်အာဏာကို လွှမ်းမိုးထားနိုင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ထောက်ခံမှုအပေါ်မူတည်၍ နိုင်ငံတော်အာဏာရရှိနိုင်မည်ဖြစ်သည်။ ဩစတြေးလျ၊ ကနေဒါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ အိုင်ယာလန်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် နော်ဝေ နိုင်ငံတို့သည် ခိုင်မာသောနှစ်ပါတီနှင့် အခြားပါတီငယ်များ ပါဝင်ကိုယ်စားပြုသောစနစ်ကို ကျင့်သုံးနေသော နိုင်ငံများဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် သမ္မတစနစ်ကို စတင်အကောင်အထည်ဖော်ကတည်းက ရှေးရိုးစွဲ ရီပတ်ဗလစ်ကန်ပါတီနှင့် ခေတ်သစ်ဒီမိုကရက်တစ်ပါတီတို့ အပြန်အလှန် နိုင်ငံတော်အာဏာရယူခဲ့ကြသည်။ ပါတီငယ် သို့မဟုတ် တတိယပါတီများရှိသော်လည်း ထောက်ခံအားပေးမှု အနည်းငယ်သာရှိသောကြောင့် အောင်နိုင်သည့်အဆင့်အထိ ရောက်မလာခဲ့ပါ။ ဗြိတိန်နိုင်ငံသည်လည်း နှစ်ပါတီစနစ်ကိုအသုံးချသော နိုင်ငံတစ်ခုဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆကြပြီး အချုပ်အခြာအာဏာကို လေဘာပါတီနှင့် ကွန်ဆာဗေးတစ်ပါတီတို့ တစ်လှည့်စီ ရယူခဲ့ကြသည်။ ပါလီမန်အတွင်းတွင် အခြားသော နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလပါလီမန်အမတ်များလည်း ပါဝင်သည်။ ထို့ကြောင့် နိုင်ငံတော်အာဏာကိုရယူလိုသော နိုင်ငံရေးပါတီများသည် အင်အားတောင့်တင်းခိုင်မာစေရန်အတွက် ပါတီ၏နိုင်ငံရေးဝါဒ၊ သဘောတရားနှင့် လုပ်ငန်းစဉ်တူညီသော နိုင်ငံရေးပါတီများ စုစည်း၍ စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ရေးသည် အရေးအကြီးဆုံး အကြောင်းအရပ်တစ်ခုသာဖြစ်သည်။

**နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ**

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် အစိုးရကောင်းတစ်ရပ်ဖြစ်ရန် အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများ လိုအပ်သည်။ အရည်အချင်းရှိသည့် ကိုယ်စားလှယ်လောင်းများကို နိုင်ငံရေးပါတီများက ရွေးချယ်မွေးထုတ်ရန်လိုအပ်သည်။ နိုင်ငံရေးပါတီကောင်းမှ အစိုးရကောင်းရရှိမည်ဖြစ်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ပြည်သူ့အတွက် ရွေးကောက်ပွဲ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ယခင် NLD အစိုးရ၏ ရွေးကောက်ပွဲ မဲမသမာမှုများမှတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာသောနည်းလမ်းဖြင့် အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကို တားဆီးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာသော အစိုးရဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ပြန်လည်ကျင်းပချိန်တွင် ကော်မရှင်ကမှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိမှသာ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိနှင့် ဖွဲ့စည်းခဲ့သည့် CRPH၊ NUG မှ ပေါက်ဖွားလာသည့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ကူညီနေသော EAO များ၏ နိုင်ငံတော်အပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်မှုများ လျော့နည်းပပျောက်၍ လုံးဝရပ်စဲသွားစေရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။ နိုင်ငံရေးပါတီများသည် ပြည်သူလူထုနှင့်အတူ ပြည်သူများကြားတွင် ရပ်တည်နေထိုင်ကြသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။ CRPH၊ NUG နှင့် နိုင်ငံရေးသမားအချို့၏ ဖြားယောင်းလှုံ့ဆော်တိုက်တွန်းမှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု ထိခိုက်နစ်နာစေရန် သေကျေပျက်စီးဆုံးရှုံးမှုများ ဖြစ်စေရန်အတွက် အကြမ်းဖက်မှုများ၊ အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ NUG/ PDF အမည်ခံအကြမ်းဖက်သမားများကြောင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူလူထု ၅၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရပြီဖြစ်ကြောင်းကိုလည်း သိရှိရသည်။ သတ်ဖြတ်ခံရသည့် အရေအတွက်မှာ ကလေးသူငယ် ၁၅၆ ဦး ၊ ပညာရေးဝန်ထမ်း ၇၁ ဦး၊ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၅ ဦး၊ ဒေသခံအုပ်ချုပ်ရေးမှူး ၇၄၄ ဦးနှင့် ရဟန်းသံဃာများ အပါအဝင် အပြစ်မဲ့ပြည်သူ ၅၂၄၇ ဦးခန့် သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။ အကြမ်းဖက်မှုများ၊ အဖျက်အမှောင့်များ တားဆီးကာကွယ်နိုင်ရန်နှင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု ထပ်မံမဖြစ်ပွားစေရေးအတွက် သတင်းပေးခြင်း၊ လုံခြုံရေးအဖွဲ့အစည်းများနှင့်အတူ မိမိတို့၏ ရပ်ရွာဒေသ ငြိမ်းချမ်းသာယာရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီအသီးသီးက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှသာ တိုင်းပြည်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာမည်ဖြစ်သည်။ ပြည်သူလူထု၏အေးချမ်းသာယာရေးနှင့် နေထိုင်မှုဘဝ ဖွံ့ဖြိုးတိုးတက်မှုသာ ပြည်သူလူထု ၏ထောက်ခံမှုကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူလူထု၏ ထောက်ခံမှုသည် နိုင်ငံရေးပါတီများအတွက် ရေရှည်ရပ်တည်နိုင်ရန် အဓိကလိုအပ်သည်။

အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများသည် အစိုးရတစ်ရပ်အတွက် နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်၏ရှေ့ဆက် လျှောက်လှမ်းမည့် အမျိုးသားအကျိုးစီးပွား နစ်နာမှုဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုက ၎င်းတို့ကိုကိုယ်စားပြုမည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် စနစ်ဖြစ်သောကြောင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ပြည်သူလူထုများ၏ ရွေးကောက်ပွဲဖြစ်သကဲ့သို့အနာဂတ်မြန်မာနိုင်ငံတော်ကို ပုံဖော်ဖန်တီးသွားရမည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများနှင့် နိုင်ငံသားအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာ ဆောင်ရွက်ရမည်ဖြစ်သည်။

**တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပါတီများ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရနိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ရှိသဖြင့် နိုင်ငံရေး ပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပါတီ ၆၃ ပါတီ ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိပါက မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားဆောင်ရွက်နိုင်သည်။

**ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် နိုင်ငံရေးပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၆၃ ပါတီအနက် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ ၁၂ ပါတီဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၁ ပါတီ ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီများသည် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရပါက ပြည်ထောင်စုအစိုးရအဖွဲ့ကို ကိုယ်စားပြု၍ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးချယ်ခံရပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် ပါဝင်ခွင့် ရရှိမည်ဖြစ်သည်။

ပြည်ထောင်စုအဆင့်လွှတ်တော်များ၊ အစိုးရအဖွဲ့များတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်းကောင်း ပြည်သူကိုကိုယ်စားပြုခွင့်ရရှိမည့် အဖွဲ့အစည်းများဖြစ်သည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အခြေခံလူတန်းစားများဘဝမြင့်မားအောင် ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုများ၊ ဥပဒေမဲ့လုပ်ရပ်များ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို နှောင့်ယှက်ဖျက်ဆီးနေမှုများအား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းကာကွယ်တားဆီးကြရမည်။ မိမိတို့ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုကို စောင့်ရှောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက် ပြည်သူအတွက် မိမိတို့ဒေသအတွက် အစိုးရကောင်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အချုပ်အခြာအာဏာကို တိုက်ရိုက်သော်လည်းကောင်း၊

*စာမျက်နှာ ၁၁ သို့*

◆ **နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာ ရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် အကျိုးများပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခဲ့**

*စာမျက်နှာ ၁၀ မှ*

သွယ်ဝိုက်၍သော်လည်းကောင်း ထမ်းဆောင်ကြရမည် ဖြစ်သဖြင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် ခိုင်မာအားကောင်း သည့် နိုင်ငံရေးပါတီများအဖြစ် ဖွဲ့စည်းတည်ဆောက်ရမည်ဖြစ်သည်။

**နိုင်ငံရေးပါတီများ စောင့်ထိန်းလိုက်နာရမည့်အချက်များ**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားသည့်အခါ အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည် ဖြစ်ကြောင်း လျှောက်လွှာတွင် ဖော်ပြရပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ရေး၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း မပြုရေး။

**နိုင်ငံရေးပါတီများစစ်ဆေးတွေ့ရှိမှု**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၃-၈-၂၀၂၁ ရက်နေ့မှ ၃-၇-၂၀၂၂ ရက်နေ့အထိ နိုင်ငံရေး ပါတီ ၉၂ ပါတီ၏ ပါတီရုံးခန်းများ၊ ပါတီဝင်အင်အားနှင့် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများကို စစ်ဆေးခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်-

(က) **ပါတီရုံးခန်းများဖွင့်လှစ်ထားရှိမှုအခြေအနေ**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ ရုံးခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေမှာ

(၁) ရုံးခန်း ၁၀၀ နှင့်အထက်ရှိသော - ၄ ပါတီ နိုင်ငံရေးပါတီ

(၂) ရုံးခန်း ၅၀ နှင့်အထက်ရှိသော - ၃ ပါတီ နိုင်ငံရေးပါတီ

(၃) ရုံးခန်း ၅၀ အောက်ရှိသော - ၇၀ ပါတီ နိုင်ငံရေးပါတီ

(၄) ရုံးခန်း ၁ ခန်းသာရှိသော - ၁၅ ပါတီ နိုင်ငံရေးပါတီ

(ခ) **စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်း**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းမှာ-

(၁) ပါတီဝင်အင်အား တစ်သိန်းနှင့် ၄ ပါတီ အထက်နိုင်ငံရေးပါတီ

**(မစိစစ်ရသေးသည့် NLD ပါတီ၏ ခန့်မှန်းအင်အား ပါဝင်ပါသည်။)**

(၂) ပါတီဝင်အင်အား တစ်သောင်းနှင့် ၄ ပါတီ အထက် နိုင်ငံရေးပါတီ

(၃) ပါတီဝင်အင်အား တစ်ထောင်နှင့် ၇၆ ပါတီ အထက် နိုင်ငံရေးပါတီ

(၄) ပါတီဝင်အင်အား ငါးရာနှင့် ၈ ပါတီ အထက် နိုင်ငံရေးပါတီ

(ဂ) **ပါတီရန်ပုံငွေတည်ရှိမှုစာရင်း**

နိုင်ငံရေးပါတီ ၉၂ ပါတီ၏ ပါတီရန်ပုံငွေတည်ရှိမှုစာရင်းမှာ

(၁) သိန်းတစ်ထောင်နှင့်အထက် ၂၁ ပါတီ နိုင်ငံရေးပါတီ

(၂) သိန်းတစ်ရာနှင့်အထက် ၃၀ ပါတီ နိုင်ငံရေးပါတီ

(၃) သိန်းတစ်ရာအောက် ၂၀ ပါတီ နိုင်ငံရေးပါတီ

(၄) ရန်ပုံငွေမရှိသည့် နိုင်ငံရေးပါတီ ၁၄ ပါတီ

(၅) စစ်ဆေးရန်ကျန် နိုင်ငံရေးပါတီ ၇ ပါတီ

**(ဘဏ္ဍာငွေမသိရှိပါ)**

အဆိုပါ နိုင်ငံရေးပါတီအများစုသည် ၂၀၁၀ ပြည့်နှစ် မတိုင်မီက တည်ရှိခဲ့သည့် ပါတီအချို့ ပါဝင်သလို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ကာလများနှင့် ၂၀၂၀ ပြည့်နှစ်မတိုင်မီထိ တည်ထောင်ခဲ့ကြသည့် ပါတီများဖြစ်ကြပြီး သက်တမ်းကာလအားဖြင့် ဆယ်စုနှစ်ကျော် သက်တမ်းရှိသည့် ပါတီများရှိသကဲ့သို့ အနည်းဆုံးကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ်နီးပါးရှိကြပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံရေးပါတီများအနေဖြင့် ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီတစ်ရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်မှုများ အားနည်းသည်ကို တွေ့ရှိရသည်။

**ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများနှင့် အနိုင်ရပါတီများ**

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၂၂ ပါတီ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၂၂ ပါတီ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ၁၉ ပါတီ ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၁၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီသုံးပါတီ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီ ငါးပါတီနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါတီလေးပါတီ ရှိခဲ့သည်။

**ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေ**

ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုများကို လေ့လာကြည့်ပါက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက် ယှဉ်ပြိုင်ရာ ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၆၆ ပါတီရှိပြီး ၎င်းတို့အနက် ကိုယ်စားလှယ်လောင်းဦးရေ ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီနှစ်ပါတီ ၊ ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ ၊ ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ ၊ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီနှစ်ပါတီ ၊ ၁၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီသုံးပါတီ ၊ ၁၀၀ နှင့် ၅၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ငါးပါတီ၊ ၅၀ နှင့် ၁၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၂၆ ပါတီ နှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့် ပါတီ ၂၆ ပါတီ ရှိခဲ့ပြီး ၎င်းတို့ အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်နိုင်သည့်ပါတီခုနစ်ပါတီရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီ ၂၄ ပါတီအနက် ကိုယ်စားလှယ်လောင်းဦးရေ ၅၀ အထက် ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ ၊ ၅၀ မှ ၁၀ ကြား ၁၀ ပါတီ နှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်သည့်ပါတီ ၁၃ ပါတီဖြစ်ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်နိုင်သည့် ပါတီနှစ်ပါတီ ပါရှိကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီ ဝင်ရောက် ယှဉ်ပြိုင်ရာတွင် ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၇၂ ပါတီရှိပြီး ယင်းတို့အနက် ကိုယ်စားလှယ်လောင်းဦးရေ ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီနှစ်ပါတီ ၊ ၉၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ၊ ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ၊ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ တစ်ပါတီ၊ ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီငါးပါတီ၊ ၁၀၀ နှင့် ၅၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီသုံးပါတီ ၊ ၅၀ နှင့် ၁၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၂၄ ပါတီ နှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့်ပါတီ ၃၅ ပါတီရှိခဲ့ပြီး ၎င်းတို့အနက် အနည်းဆုံး သတ်မှတ်ချက်ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်နိုင်သည့်ပါတီ ၁၉ ပါတီ ရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီ ၁၅ ပါတီအနက် ကိုယ်စားလှယ်လောင်း ဦးရေ၅၀ အထက် ယှဉ်ပြိုင်သည့်ပါတီတစ်ပါတီ၊ ၅၀ မှ ၁၀ ကြား လေးပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်သည့်ပါတီ ၁၀ ပါတီတို့ဖြစ်ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက် ဖြစ်သည့် သုံးဦးသာ ယှဉ်ပြိုင်သည့်ပါတီလေးပါတီရှိကြောင်း တွေ့ရှိရသည်။

အထက်ပါအချက်အလက်များကို လေ့လာသုံးသပ်ပါက ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့် ပါတီ ၇၀ ကျော်အနက် ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀ ရာခိုင်နှုန်းကျော်သော ပါတီများသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေဖြစ်သည့် သုံးဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရသည်။ ရွေးကောက်တင်မြှောက်ခံရမှု အခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ်နေရာ အနည်းဆုံးတစ်နေရာရရှိသည့် ပါတီများ အပါအဝင် အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၉၀ ခန့်အနက် ပါတီ ၂၀ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ အဆိုပါ စာရင်းဇယားအချက်အလက်များအပေါ် လေ့လာသုံးသပ်ပါက နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့် အနိုင်ရရှိမှု နည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့် ပါတီများ ဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့်ပါတီများ ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း သုံးသပ်ရသည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပြဋ္ဌာန်းချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အား၊ ပါတီရုံးခန်းနှင့် ပါတီရန်ပုံငွေများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

(က) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို ပြည့်မီအောင် စည်းရုံးရမည်ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်ရမည်ဖြစ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရမည်ဖြစ်သည်။

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင် ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်ဖြစ်သည်။ အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခြင်းကို ပယ်ဖျက်ရမည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကို ကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများ ဖြစ်ပါသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သည့် *စာမျက်နှာ ၁၂ သို့*

# ပြင်ဦးလွင်မြို့၌ ဘိုးဘွားများအား နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲကျင်းပ



အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်စဉ်။

**ပြင်ဦးလွင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း နှစ်ရက်နေ့ ယနေ့နံနက် ၉ နာရီက ရပ်ကွက်ကြီး (၂) ရှိ မဟာပဝါရဏာ သိမ်တော်ကြီး၌ ပြုလုပ်ရာ တာဝန်ရှိသူများနှင့် သက်ကြီး ဘိုးဘွားများတက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဘိုးဘွားတို့အား တင်ပြလျှောက်ထားပြီး တက်ရောက်လာသူများမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့မှ ဆုတောင်းမေတ္တာများ ပို့သပေးသည်။

ဆက်လက်ပြီး ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁) မှ (၂၁) ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၁၇၈ ဦးနှင့် အဘွား ၃၅၂ ဦး စုစုပေါင်း အဘိုးအဘွား ၅၃၀ တို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၁ မှ*

နိုင်ငံရေးပါတီများဖြစ်ရန် လိုပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်စေရန် တစ်နိုင်ငံလုံး စည်းရုံးဆောင်ရွက်မည့် ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့်လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ် အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့် အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေး ပါတီရုံးခွဲများရှိရန် လိုအပ်သည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာ ရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏ အကျိုးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် အကျိုးများပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ကြောင်း တွေ့ရသည်။

**နိုင်ငံရေးပါတီ**

နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် အင်တိုနီဒေါင်းစ် (Antony Downs)က **“မျှတမှန်ကန်စွာ စီစဉ်ပြုလုပ်ထားတဲ့ ရွေးကောက်ပွဲတွေမှာယှဉ်ပြိုင်အနိုင်ယူခြင်းအားဖြင့် အစိုးရယန္တရားတွေကို ထိန်းချုပ်ဖို့ကြိုးစားနေသော လူမှုအစုအဖွဲ့တစ်ခုဟာ နိုင်ငံရေးပါတီဖြစ်သည်”**ဟု ဆိုထားသည်။ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ကျော်ကြားသော သုတေသီတစ်ဦးအဖြစ် နိုင်ငံတကာတွင် အသိအမှတ်ပြုခံထားရသူ အီတလီပညာရှင်ဂျော်ဗန်နီ (Giovanni Sartori) ကလည်း **“ရွေးကောက်ပွဲများတွင် တရားဝင်ကိုယ်ပိုင် သင်္ကေတတံဆိပ်တစ်ခုကို ကိုင်စွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုရွေးကောက်ပွဲများမှတစ်ဆင့် မိမိ၏ကိုယ်စားလှယ်များအား အစိုးရရာထူးများဆီသို့ ပို့ပေးနိုင်စွမ်းရှိသော နိုင်ငံရေးအစုအဖွဲ့တစ်ခုကို နိုင်ငံရေးပါတီဟု ခေါ်သည်”** ဟု ဖွင့်ဆိုထားသည်။ အဆိုပါဖွင့်ဆိုချက်များသည် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ အမျိုးမျိုးကွဲပြားနေကြသော်လည်း တူညီသော အခြေခံလက္ခဏာနှစ်ခုရှိသည်။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် အစိုးရရာထူးများနှင့် လူထုကိုယ်စားပြုအာဏာရရှိရေးကို ရည်ရွယ်ကြိုးပမ်းလှုပ်ရှားခြင်းတို့သည် နိုင်ငံရေးပါတီများ၏ အရေးကြီးဆုံးသော အခြေခံလက္ခဏာများဖြစ်သည်။

ပါတီတစ်ခုသည် ရွေးကောက်ပွဲတစ်ခုအတွက်သာ ရည်ရွယ်ဖွဲ့စည်းပြီး ရွေးကောက်ပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ပျောက်ကွယ်သွားသည်မျိုးလည်း မဖြစ်စေရပါ။ ပါတီဆိုသည်မှာ လွတ်လပ်စွာ ပါတီဝင်အဖြစ် ပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲလမ်းကြောင်းမှ တစ်ဆင့် တိုင်းပြည်၏ အရေးပါသော ရာထူးနေရာများတွင် တာဝန်ယူပြီး ရှိနေဆဲတာဝန်များ၊ ပြဿနာများကို ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အဖွဲ့အစည်းတစ်ခုဟု ဆိုနိုင်ပေသည်။

**နိုင်ငံရေးပါတီ၏ လုပ်ငန်းတာဝန်များ**

နိုင်ငံရေးဖြစ်စဉ်တွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဒီမိုကရေစီခိုင်မာရေးအတွက် အထောက်အကူပြုနိုင်ရန် ပါတီတစ်ရပ်သည် လိုအပ်သောစွမ်းဆောင်ရည်များ ထုတ်ဖော်ပြသနိုင်ရန်လိုပေသည်။ နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံသားများ၏ နိုင်ငံရေးပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးခြင်း စသည်ဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးစနစ်တို့ကြား ချိတ်ဆက်နိုင်မှုလမ်းကြောင်းကို ဖန်တီးပေးရသည်။

နိုင်ငံရေးပါတီများသည် လူထုအမြင်ကို ဖော်ဆောင်ပေးနိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ပါတီများ၏လှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ်ကာ နိုင်ငံသားများအနေဖြင့် မိမိ၏နိုင်ငံရေး ယုံကြည်ချက်ကို ပါတီများမှတစ်ဆင့် ရပ်တည်နိုင်ကြသည်။ ပါတီလမ်းစဉ်များကို ကြည့်၍ မဲဆန္ဒရှင်များအနေဖြင့် ပါတီတစ်ရပ်သည် လူ့အဖွဲ့အစည်းအတွင်းရှိနေသော ပြဿနာရပ်များကို သိရှိနားလည်မှုရှိရဲ့လား၊ ပြဿနာနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် လုံလောက်သော မူဝါဒများ ချမှတ်နိုင်ရဲ့လားဆိုသည်ကို ဆန်းစစ်အကဲဖြတ်နိုင်သည်။ အတိုက်အခံပါတီများအနေဖြင့်လည်း အစိုးရကိုဝေဖန်ခြင်း၊ ထိန်းညှိခြင်းနှင့် ထောက်ပြခြင်း စသည့် လုပ်ငန်းတာဝန်များကို အဓိကလုပ်ဆောင်ကြရသည်။ ဤလုပ်ငန်းတာဝန်သည် ဒီမိုကရေစီစနစ်အတွက် များစွာအရေးပါသည်။ အကြောင်းမှာ အစိုးရတစ်ရပ်သည် အတိုက်အခံမရှိလျှင် ကိုယ့်ကိုယ်ကိုယ်အဟုတ်ကြီးထင်၍ ယုံကြည်မှုလွန်ကဲပြီး အခြားသောဘက်များကို ထည့်သွင်းစဉ်းစားမှုမပြုတော့သောကြောင့်ဖြစ်သည်။

အဆိုပါလုပ်ငန်းတာဝန်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံရေးပါတီများသည် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းတည်ဆောက်ထားသော လူ့အဖွဲ့အစည်းအတွက် အရေးကြီးသော တာဝန်များကို ထမ်းဆောင်ပေးနေခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှုက နိုင်ငံရေးပါတီတစ်ရပ်၏ ဂုဏ်သတင်းနှင့် အနာဂတ်အလားအလာကို များစွာအဆုံးအဖြတ် ပေးသွားမည်ဖြစ်သည်။

**ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခုရရှိရေးဟု ဆွေးနွေးပြောဆိုမှုများရှိကြောင်း တွေ့မြင်သိရှိနေရပါသည်။ လက်တွေ့တွင် နိုင်ငံရေးပလက်ဖောင်းတစ်ခု ရရှိနိုင်ရေး အနေအထားနှင့်သာ တင်းတိမ်မနေသင့်ဘဲ ထို့ထက်မကသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်သည်။ နိုင်ငံရေးပါတီတစ်ခုသည် မိမိအကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးကိုသာ ဆောင်ရွက်နေ၍မရပါ။ ရွေးကောက်ပွဲများတွင် အနိုင်ရရှိရန် ပြည်သူ များ၏ ယုံကြည်မှု၊ အားကိုးမှုကို ရရှိရန်လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အလေးထားပြီး ဒီမိုကရေစီနည်းလမ်းကျကျမှန်မှန်ကန်ကန် ရပ်တည်ဖို့လိုသည်။ အကြမ်းဖက်ခြင်း၊ လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင် မဆောင်ဘဲ နိုင်ငံရေးပါတီကောင်းတစ်ခုပီသစွာ ပြည်သူအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ ထိုမှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူ၏အားကိုးမှုဖြင့် ရွေးကောက်ပွဲများတွင် ပြည်သူကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူပြည်သားအများစုသည် မိမိတို့ဓလေ့အရ ကြည်ညိုမှုကိုအခြေခံကာ စိတ်ခံစားမှုဖြင့် ယုံကြည်ထောက်ခံလေ့ရှိကြသည်။ ရိုးသားသည့် စိတ်အရင်းခံဖြင့် အလွယ်တကူ လက်ခံယုံကြည်လေ့ရှိသည်။ အဆိုပါအားနည်းချက်များကို အသုံးပြုကာ အချို့သော နိုင်ငံရေးသမားများ၊ အဖွဲ့အစည်းများက အလွယ်တကူ ခွဲခြားပြောဆိုပြီး သိမ်းသွင်းခဲ့ကြသည်။ လက်ရှိနိုင်ငံရေး အခြေအနေတွင်လည်း ရွေးကောက်ပွဲကို အကြောင်းပြုပြီး မိမိတို့အဖွဲ့အစည်း အာဏာရရှိရေး မပြုသင့်သည်များ၊ မလုပ်သင့်သည်များကို ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ပျက်ပြားခဲ့ရပြီး အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့ရသည်။ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် ယခင်လွှတ်တော်ကိုယ်စားလှယ်များက မဲစာရင်းမှားယွင်းနေမှုများ၊ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း ယခင်အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့က တစ်စုံတစ်ရာ ဖြေရှင်းခဲ့ခြင်း မရှိသည့်အတွက် ယခုလို အခြေအနေမျိုး ကြုံတွေ့နေရခြင်းဖြစ်သည်။

ဖြစ်ပွားခဲ့သောဖြစ်စဉ်အရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများ တည်ရှိရန်လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်လာစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီးငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

**နိဂုံး**

မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့်အချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်း လျှောက်လှမ်းခဲ့သည်။ ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးမသမာမှုဖြစ်သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# အိန္ဒိယနှင့် ရုရှားတို့ လွတ်လပ်သော ကုန်သွယ်ခွင့် သဘောတူညီချက်အတွက် ဆွေးနွေး

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည်နောက်ထပ်စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရန် လွတ်လပ်သော ကုန်သွယ်ခွင့် သဘောတူညီချက်အတွက် ဆွေးနွေးမှုများကို စတင်ခဲ့ကြသည်။

ရုရှားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဒန်းနစ်ဗယ်လန်တီနိုဗစ်ချ်မန်တူရော့ဗ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ရမ်ဂျိုင်ရှန်ကာတို့သည် ဧပြီ ၁၇ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ကျင်းပသော စီးပွားရေးဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြသည်။ နှစ်နိုင်ငံစလုံးသည် ကုန်သွယ်ရေးသဘောတူစာချုပ်တွင် စေ့စပ်ညှိနှိုင်းမှုများ အရှိန်မြှင့်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ အိန္ဒိယနိုင်ငံသည် ယခုအခါတွင် ရုရှားနိုင်ငံမှ ရေနံ အဓိကဝယ်ယူသူဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံက မတ်လအထိ ၁၂ လတာကာလအတွင်း ရုရှားနိုင်ငံမှ စုစုပေါင်း ရေနံတင်သွင်းမှုပမာဏသည် ယခင်အလားတူကာလထက် လေးပုံတစ်ပုံနီးပါးရှိပြီး အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံခန့်ရှိသည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုလိုငွေတိုးလာမှုကို လျှော့ချလိုသည်။ နှစ်နိုင်ငံကုန်သွယ်မှုဆွေးနွေးမှုသည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုပိုမိုတိုးတက်လာသည်ကို ဖော်ပြသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ **အင်န်အိတ်ချ်ကေ**




အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ကျင်းပသော အိန္ဒိယ - ရုရှားစီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်လာသော ရုရှားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဒန်းနစ်ဗယ်လန်တီနိုဗစ်ချ်မန်တူရော့ဗ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဆူဘရာမန်ရမ်ဂျိုင်ရှန်ကာတို့ကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေဘေးပြန်လည်ထူထောင်ရေး ချေးငွေ ကန်ဒေါ်လာ သန်း ၂၃၀ အေဒီဘီ သဘောတူ

**ဒါကာ ဧပြီ ၁၈**

အာရှဖွံ့ဖြိုး တိုးတက်ရေးဘဏ် (အေဒီဘီ) နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့သည် ပြီးခဲ့သည့်နှစ်က ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့ပေးနိုင်ရန်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၃၀ ကို ပံ့ပိုးပေးရေးသဘောတူညီချက်ကို ဧပြီ ၁၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။



၂၀၂၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စံချိန်တင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်။

အဆိုပါ ထောက်ပံ့မှုသည် နိုင်ငံအရှေ့မြောက်ပိုင်း ခရိုင်များ၏ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ထူထောင်ရေးတွင် ကူညီပေးသွားမည်ဖြစ်သည်။

အေဒီဘီ၏ နည်းပညာအကူအညီ အထူးရန်ပုံငွေမှ နောက်ထပ် အမေရိကန်ဒေါ်လာ တစ်သန်း နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုသည် ရာသီဥတုလိုက်လျောညီထွေမှုရှိရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ တိုးတက်စေရေး၊ ရေကြီးမှုအန္တရာယ် စီမံခန့်ခွဲမှုနှင့် ဆောလျင်စွာ သတိပေးချက်စနစ် အားကောင်းလာစေရေးတို့၌ အကောင်အထည်ဖော်နေသော အေဂျင်စီများအား ၎င်းတို့၏ စွမ်းဆောင်ရည်များ တည်ဆောက်ရာတွင် ထောက်ပံ့ကူညီပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ၂၀၂၂ ခုနှစ် မေလမှ ဇွန်လအထိ စံချိန်တင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အထူးသဖြင့် မြေနိမ့်ပိုင်းဒေသများတွင် လူသန်းပေါင်း များစွာ ရေလွှမ်းမှုဒဏ် ခံစားခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ပျက်ကျဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးရဟတ်ယာဉ်မှ ခြောက်ဦးမြောက် တပ်ဖွဲ့ဝင်တစ်ဦးကို ဆယ်ယူတွေ့ရှိ

**တိုကျို ဧပြီ ၁၈**

ရှာဖွေကယ်ဆယ်ရေးသမားများသည် ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါခရိုင်၌ ရေဒါနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သော ပျက်ကျမြေပြင်ကိုယ်ပိုင်ကာကွယ်ရေး ရဟတ်ယာဉ်မှ တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် မှတ်ယူရမည့် နောက်ထပ် ရုပ်အလောင်းတစ်လောင်းကို ဆယ်ယူခဲ့ကြောင်း ဂျပန်အစိုးရ အရာရှိများက ပြောကြားခဲ့သည်။



ယခု ဆယ်ယူတွေ့ရှိမှုသည် ခြောက်ဦးမြောက် ဆယ်ယူတွေ့ရှိသူ ဖြစ်သည်။

လူ ၁၀ ဦး လိုက်ပါလာသော ရဟတ်ယာဉ်သည် ဧပြီ ၆ ရက်က မီယာကိုဂျီမာ ကျွန်းမှ ပျံတက်ပြီး မကြာမီ အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

ရေငုပ်သမားများသည် ဧပြီ ၁၆ ရက်နေ့က ရေအောက် ၁၀၆ မီတာအနက်ရှိ ပင်လယ်ကြမ်းပြင်မှ သေဆုံးသူငါးဦးကို ရှာဖွေတွေ့ရှိခဲ့သည်။ အခြားပျောက်ဆုံးနေသူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

ရဟတ်ယာဉ် ပျက်ကျနေရာ၌ ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅၈၉ ဦးအထိရှိ

**တိုကျို ဧပြီ ၁၈**

ဂျပန်နိုင်ငံ၌ ဧပြီ ၁၈ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူသစ် ၁၁၅၈၉ ဦးရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၂၀ သေဆုံးခဲ့ကြောင်းလည်း ထပ်မံ အတည်ပြုဖော်ပြခဲ့သည်။ အပြင်းဖျားလူနာအရေအတွက်သည် ဧပြီ ၁၇ ရက်အရေအတွက်ထက် နှစ်ဦးကျဆင်းခဲ့ပြီး ၅၅ ဦးသာရှိခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဂျပန်နိုင်ငံအတွင်းရှိ ခရိုင် ၃၇ ခုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်တိုးလာခဲ့ပြီး တခြားခရိုင် ၁၀ ခုတွင် ကျဆင်းခဲ့သည်။

တိုကျို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသည် လွန်ခဲ့သော သီတင်းပတ်တစ်ပတ်ကထက် ၂၀၆ ဦးတိုးလာခဲ့ပြီး ၁၆၉၆ ဦးအထိ ရှိခဲ့သည်။ အပြင်းဖျားနာသူအရေအတွက်သည် ဧပြီ ၁၇ ရက်ထက် တစ်ဦး တိုးလာခဲ့ပြီး စုစုပေါင်း ခြောက်ဦးအထိရှိခဲ့သည်။ တိုကျို၌ နှစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၅၀၀ အထိ တိုးလာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယားနိုင်ငံ၌ ခံတွင်းကင်ဆာ ရောဂါကြောင့် နှစ်စဉ် လူပေါင်း ၇၄၀ ကျော် သေဆုံးဟုဆို

**အဘူဂျာ ဧပြီ ၁၈**

ရောဂါဖြစ်ပွားမှုနှုန်း စံချိန်တင် မြင့်တက်မှုနှင့်အတူ နိုင်ဂျီးရီးယားနိုင်ငံသား ၇၄၆ ဦးသည် ခံတွင်းကင်ဆာရောဂါဖြင့် နှစ်စဉ်သေဆုံးလျက်ရှိကြောင်း နိုင်ဂျီးရီးယားကျန်းမာရေးဝန်ကြီး အိုဆာဂီ အီဟန်းအီရီက ဧပြီ ၁၇ ရက်တွင် သတိပေးပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း ရောဂါရှာဖွေတွေ့ရှိသူ ၁၁၄၆ ဦးထက်မနည်း စံချိန်တင်တွေ့ရှိကြောင်းနှင့် နိုင်ငံသားအများစုသည် ခံတွင်းကင်ဆာ၏ ဆိုးကျိုးများကို သတိမပြုမိကြသည့်အတွက် စိုးရိမ်မိကြောင်း နိုင်ငံ၏ မြို့တော်အဘူဂျာ၌ ပြုလုပ်သော ကျန်းမာရေးဖိုရမ်၌ အီဟန်းအီရီက အလေးပေးပြောကြားသည်။

ထို့ကြောင့် နိုင်ဂျီးရီးယားအစိုးရအနေဖြင့် ခံတွင်းကင်ဆာ ဖြစ်ပွားမှုနှုန်း မြင့်မားလာမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် နိုင်ငံအတွင်း မကြာမီ ခံတွင်းဆိုင်ရာကျန်းမာရေးမူဝါဒတစ်ရပ် ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ထို့ပြင် မူဝါဒအသစ်က ခံတွင်းကင်ဆာ၏ လက္ခဏာများကို ဆောလျင်စွာ သိရှိနိုင်သော ကျန်းမာရေးဝန်ထမ်းများကို ကျေးလက်ဒေသများသို့ စေလွှတ်သွားမည်ဖြစ်ကြောင်းနှင့် လူနာများကို သွားဆရာဝန်များ ကုသပေးနိုင်သော ဆေးရုံများသို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ခံတွင်းကင်ဆာဖြစ်ပွားရခြင်း အကြောင်းရင်းများတွင် ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သော အိတ်ချ်ပီဗွီရောဂါတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဇင်းကျိုက်ဘူတာမှ ပုဇွန်တောင်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်ခဲ့မှု"** ခေါင်းစဉ်ဖြင့် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းမြို့နယ်အတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ အန္တရာယ်ရှိသောလမ်းကြား၌ ဖွင့်လှစ်ရောင်းချနေသော ဆိုင်တန်းများ ရှင်းလင်းပေးပါ

**အယ်ဒီတာခင်ဗျား -**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဝိဇ္ဇာလမ်းထိပ် ပြည်လမ်းပေါ်မှ ကွေ့ဝင်ရသောနေရာတွင် ၁၃ ပေမျှ အကျယ်သာရှိသော လမ်းကြားပေါ်၌ လက်ဖက်ရည်ဆိုင် ဖွင့်ထားပြီး ကွမ်းယာဆိုင်၊ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင်များ တန်းစီဖွင့် ထားပါသည်။ ကားနှစ်စီးရှောင်၍ မရပါ။ ကွေ့ကားများသည် အထွက်ကားရှိပါက လွန်စွာမှ အန္တရာယ်ရှိသောနေရာဖြစ်နေပါသည်။ သက်ဆိုင်ရာကလည်း လာရောက်ရှင်းလင်းပေးခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် အမြန်ဆုံးရှင်းလင်းပေးပါရန် စာတည်းထံ ပေးစာကဏ္ဍမှ တစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်။

**ပို့ဆောင်ရေးယာဉ်မောင်းတစ်ဦး**

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**လောက်ကိုင် မေ ၁၈**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းက တုံချိန်ရေလယ်ကျွန်းပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပွဲတော်ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် ဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ယိမ်းပြိုင်ပွဲတွင် ဆုရရှိသူများကို ချီးမြှင့်ခဲ့သည်။

လောက်ကိုင်မြို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်စီးဆင်းရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်မြို့တစ်မြို့ဖြစ်ပြီး ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မဟာသင်္ကြန်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး နိုင်ငံကျော်တေးသံရှင်များ၊ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်များစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေခဲ့ပြီး ဒေသခံတိုင်းရင်းသားများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**





## ဟိုပန်မြို့ဗဟိုမဏ္ဍပ်၌ မြန်မာနှစ်ဆန်း (၁) ရက်နေ့ ညပိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ် ဆက်လက်ကျင်းပ

**ဟိုပန် မေ ၁၈**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ဟိုပန်မြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက်မှစ၍ ၁၆ ရက်အထိ ရေကစားမဏ္ဍပ်များတွင် ရေပက်ကစားခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ တေးဂီတနှင့် ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီးဖြစ်သည်။ နှစ်ဆန်း (၁) ရက်နေ့တွင်လည်း ပြည်သူများ ပျော်ရွှင်ရန်နှင့် စိတ်အေးချမ်းမှုရရှိစေရန် အငြိမ့်သဘင် ဖျော်ဖြေမှုများကို ဆက်လက် ပြုလုပ်ခဲ့ကြသည်။

ည ၈ နာရီတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကွင်းရှိ ဗဟိုမဏ္ဍပ်၌ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဝေဠုကျော်၊ မင်းသမီး ရေကြည်ချမ်းမြနှင့် လူရွှင်တော်များက မြန်မာသံစဉ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဟာသသရုပ်ဖော်များနှင့် အငြိမ့်အကတို့ဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ကပြဖျော်ဖြေ တင်ဆက်မှုများကို "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၀ | ၂၁၀၅ | ၂၁၀၅ | ၂၀၆၅ | ၂၁၀၅ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၂၁၀ | ၂၂၀၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၇၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၇ | ၂၁၁၁ |
| 95 Ron | ၂၁၂၇ | ၂၂၀၃ |
| HSD (500 ppm) | ၁၉၅၅ | ၂၀၂၄ |
| HSD (50 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (10 ppm) | ၂၀၂၉ | ၂၀၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၁၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉) ဦး အနက် (၆) ဦး၊ (၆၆.၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃) ဦး၊ (၃၃.၃) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၁၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၆၆.၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃) ဦး | (၃၃.၃) % |
| **စုစုပေါင်း** | **(၉) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၃၄,၂၂၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၃၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၁) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် ( ၅ /၂၀၂၃ )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂၈/၂၀၂၃) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင် / စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၃၁၁၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂၉/၂၀၂၃) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/ သူ ၉၈ ဦးတို့အား လည်းကောင်း၊ အမိန့်အမှတ် (၃၀/၂၀၂၃) ဖြင့် သီရိလင်္ကာနိုင်ငံသား ၅ ဦးကိုလည်းကောင်း ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြသဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များ နှင့်ထပ်တူ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်

# ကချင်ပြည်နယ်အတွင်း အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား အကျဉ်းသူ ၁၂၅ ဦး လွတ်မြောက်

**မြစ်ကြီးနား ဧပြီ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာ့နှစ်သစ်မင်္ဂလာ အခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၃၀၁၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံရမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ရာ ကချင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား ၁၁၆ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ တရုတ်နိုင်ငံခြားသား တစ်ဦး စုစုပေါင်း ၁၂၅ ဦး ဧပြီ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေး**

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးရာတွင် လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများအား ဌာနဆိုင်ရာအဖွဲ့အစည်းများ ဖိတ်ကြား၍ ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ပြီး ကချင်ပြည်နယ်အတွင်း လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လွတ်လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စနစ်တကျ ပို့ဆောင်ပေး**

ထို့နောက် အကျဉ်းဦးစီးဌာနအနေဖြင့်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်၊ လုပ်အားဆုငွေများကို ပေးအပ်ခဲ့ကြောင်းနှင့် အကျဉ်းထောင်/စခန်းများမှလည်း နေရပ်သို့ ကောင်းမွန်စွာပြန်နိုင်ရေး ကားဂိတ်များသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ အကျဉ်းသား အကျဉ်းသူ ၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**ဘားအံ ဧပြီ ၁၈**

မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုကိုအလေးထားသောအားဖြင့် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးသည့်အပြင် စည်းကမ်းကောင်းမွန်စွာနေထိုင်ကြသော အကျဉ်းသား အကျဉ်းသူများအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးခဲ့ရာ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းသား အကျဉ်းသူ ၈၃ ဦး ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

ရာဇဝတ် ကျင့်ထုံးဥပဒေ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက် ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် လွတ်ငြိမ်းခွင့် ပြုခဲ့ခြင်းဖြစ်ပြီး ဘားအံအကျဉ်းထောင်မှ နိုင်ငံသား အကျဉ်းသား ၂၁ ဦး၊ လက္ခဏာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးအတတ်သင်စခန်းမှ အကျဉ်းသား (လုပ်အားရှင်) ၁၉ ဦး၊ မာလာဖူးကုန်ထုတ်စခန်းမှ အကျဉ်းသား (လုပ်အားရှင်) ငါးဦး စုစုပေါင်း ၄၅ ဦးနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၂၉/၂၀၂၃ အရ နိုင်ငံခြားသား ၃၈ ဦး စုစုပေါင်း ၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

**ဝမ်းမြောက်ဝမ်းသာကြိုဆို**

အဆိုပါ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးမျိုးဌေး၊ ဘားအံအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားပြီး လွတ်လက်မှတ်နှင့် ခရီးစရိတ်၊ လုပ်အားရှင် ခံစားခွင့်စရိတ်များ ပေးအပ်၍ ကတိခံဝန်ချက် လက်မှတ်ရေးထိုးစေကာ ယနေ့ နံနက် ၈ နာရီခွဲခန့်တွင် လွှတ်ပေးခဲ့ရာ ၎င်းတို့၏ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုမောင်နှမများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်းရှိအကျဉ်းထောင် / စခန်းအသီးသီးမှ အကျဉ်သား အကျဉ်းသူ ၁၅၂ ဦး လွတ်မြောက်

**တောင်ကြီး ဧပြီ ၁၈**

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူအကျဉ်းသား၊ အကျဉ်းသူများအား ဧပြီ ၁၇ ရက်က လွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူအကျဉ်းသား၊ အကျဉ်းသူများအား သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက ဆုံးမသြဝါဒစကား အသီးသီးပြောကြားပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းများရှိ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်းလက်မှတ်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး စားစရိတ်နှင့် ခရီးစရိတ်တို့အား ပေးအပ်၍ စနစ်တကျအကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၁၆ ဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ ၂၀၊ လားရှိုးအကျဉ်းထောင်မှ ၁၁ ဦး အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၅၂ ဦး လွတ်မြောက်ခဲ့ကြောင်းနှင့် လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရှိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ဟသ်ာတအကျဉ်းထောင်မှ အကျဉ်းသား ငါးဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ဟသ်ာတ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် လွတ်မြောက်သွားသော အကျဉ်းသား ငါးဦးအား လွှတ်ပေးခြင်း အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် အကျဉ်းထောင်တာဝန်ခံ အရာရှိရုံးခန်း၌ ပြုလုပ်သည်။



**ဆုံးမပြောကြား**

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး နေလင်းအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး နေဝင်းတို့က ဆုံးမသြဝါဒ စကားပြောကြားပြီး အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးဌေးအောင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်းလက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်များ ထောက်ပံ့ပေးအပ်သည်။

**အကျဉ်းသားငါးဦးလွတ်မြောက်**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်သွားသည့် အကျဉ်းသား ငါးဦးတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတစ်ဦး ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ် ကစကဲအကျဉ်းစခန်းမှအကျဉ်းသား ၁၂ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ဝါးခယ်မ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မင်းလံကစကဲကျေးရွာအုပ်စု ကျေးရွာရှိ ကစကဲစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၁၂ ဦးအား ယမန်နေ့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် ကစကဲစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ ၁၂ ဦးတို့အား အကျဉ်းစခန်း တာဝန်ခံ ဦးစိုးမင်းအောင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းထွန်းနှင့် တာဝန်ရှိသူများက ဆုံးမစကားပြောကြား ပြီးငွေတို့၏ ခရီးစရိတ် ငွေကျပ် ၁၂၀၀၀၊ စားစရိတ်ငွေကျပ် ၄၆၇၈၀၊ လုပ်အားခငွေကျပ် ၆၆၂၅၀၀ စုစုပေါင်းငွေကျပ် ၇၂၁၂၈၀ အား ထောက်ပံ့ပေးအပ်ကာ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်လင်း(ပြန်/ဆက်)



အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အာရှဖလား ယူ - ၁၇ အမျိုးသမီးခြေစစ်ပွဲအတွက် မြန်မာအသင်း အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်

**ရန်ကုန် ဧပြီ ၁၈**

မြန်မာလက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းသည် ၂၀၂၄ အာရှအမျိုးသမီး ယူ-၁၇ ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (F) ၌ ကျရောက်နေပြီး ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင် ကာဂျစ္စတန်၊ အိန္ဒိယ အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ကာဂျစ္စတန်အသင်း၊ ဧပြီ ၂၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာလက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းကို ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းတွင် ပဏာမကစားသမား ၃၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးသန်းဝေက တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး ယူ-၁၇ အသင်းသည် ပဏာမကစားသမားများကို ပြီးခဲ့သည့်ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ ကစားသမားများ၊ ယူ-၁၉ လက်ရွေးစင်အသင်းမှ အသက်မီသည့် ကစားသမားများ၊ ယူ-၁၆ လက်ရွေးစင်များ၊ အား/ကာသိပ္ပံများမှ ကစားသမားများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သော ကစားသမားများကိုပါ ပေါင်းစပ်ရွေးချယ်ထားခြင်းဖြစ်သည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**- ဒေါ်နွယ်နီဦး၊ **နည်းပြချုပ်** - ဦးသန်းဝေ၊ **လက်ထောက်နည်းပြများ** - ဒေါ်မာလာဝင်း၊ ဒေါ်သန်းသန်းထွေး၊ **ဂိုးနည်းပြ** - ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား** - သူဇာအောင် (ဧရာဝတီတိုင်းဒေသကြီး)၊ အိတာယာ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ပန်းနုဝေ (အား/ကာသိပ္ပံ၊ မန္တလေး)၊ နောက်တန်း - ယုယုနိုင် (YREO)၊ မင်းမင်းနု (မန္တလေးတိုင်းဒေသကြီး)၊ သဲအိလှိုင်(ဧရာဝတီတိုင်းဒေသကြီး)၊ ယမင်းဖြူ(YREO)၊ အလယ်တန်း- ကေသွယ်ဖြိုးဦး(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မြတ်နိုးအောင် (YREO)၊ ငြိမ်းငြိမ်းဖြိုး (အား/ကာသိပ္ပံ၊ မန္တလေး)၊ ဝင်းစန္ဒာ (နေပြည်တော်)၊ နှင်းဝေနှင်း (ဧရာဝတီတိုင်းဒေသကြီး)၊ ခင်ဖုန်း(YREO)၊ ဟန်နီမိုးလွင် (YREO)၊ သွန်းဝတီ(YREO)။ ရှေ့တန်း - ဇခါရိုရ်စီ(ကချင်ပြည်နယ်)၊ ယုယနိုင်(YREO)၊ သင်ဇာလင်း(ဧရာဝတီတိုင်းဒေသကြီး)၊ နှင်းလတ်လတ်လှိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ ပန်းအိနွယ် (ဧရာဝတီတိုင်းဒေသကြီး)၊ အကူးမွန်းရမ် (ကချင်ပြည်နယ်)၊ စုစုခင်(YREO)၊ ရွှေပုံချစ်(YREO) တို့ ပါဝင်ကြသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



# ဆီဆိုင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှုများဖြစ်ပွား

**ဆီဆိုင် ဧပြီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ဧပြီ ၁၈ ရက် နံနက် ၄ နာရီခွဲမှ နံနက် ၅ နာရီအထိ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် လူနေအိမ်များ အမိုးသွပ်နှင့် မြားတန်းများ ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



လေပြင်း တိုက်ခတ်မှုကြောင့် နောင်ကျောကျေးရွာအုပ်စု အတွင်းရှိ ကယန်းလေးကျေးရွာ၌ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကက်သလစ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၁၀ လုံးတို့၏ အမိုးသွပ်နှင့် မြားတန်းများ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် လေဘေးသင့် ပြည်သူများအား နီးစပ်ရာ ဆွေမျိုးနေအိမ်များ၌ နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

## လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ

### အန္တရာယ်သတိပေးခြင်းလမ်းညွှန်းများ



ပုံ ၁
ရှေ့တွင် လက်ဝဲလမ်းကွေ့ရှိသည်



ပုံ ၂
ရှေ့တွင် လက်ယာလမ်းကွေ့ရှိသည်



ပုံ ၃
ရှေ့တွင် လက်ဝဲနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



ပုံ ၄
ရှေ့တွင် လက်ယာနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



ပုံ ၅
ရှေ့လက်ဝဲဘက်လမ်းကွေ့တွင် လမ်းဆုံများရှိသည်



ပုံ ၆
ရှေ့လက်ယာဘက်လမ်းကွေ့တွင် လမ်းဆုံများရှိသည်



ပုံ ၇
ရှေ့တွင် လမ်းမကြီးလက်ဝဲဘက်မှ ပေါင်းဝင်လာသည့် လမ်းကွေ့ လမ်းသွယ်ရှိသည်



ပုံ ၈
ရှေ့တွင် လမ်းမကြီးလက်ယာဘက်မှ ပေါင်းဝင်လာသည့် လမ်းကွေ့လမ်းသွယ်ရှိသည်



ပုံ ၉
ရှေ့တွင် လမ်းမကြီးလက်ဝဲကွေ့တွင် လမ်းဆုံရှိသည်



ပုံ ၁၀
ရှေ့တွင် လမ်းမကြီးလက်ယာကွေ့တွင် လမ်းဆုံရှိသည်



ပုံ ၁၁
ရှေ့တွင် လက်ဝဲဘက်သို့အကွေ့အကောက် ရှိသည်



ပုံ ၁၂
ရှေ့တွင် လက်ယာဘက်သို့ အကွေ့အကောက် ရှိသည်



ပုံ ၁၃
ရှေ့တွင် လက်ဝဲဘက်သို့ နှစ်ထပ်လမ်းကွေ့ရှိသည်



ပုံ ၁၄
ရှေ့တွင် လက်ယာဘက်သို့ နှစ်ထပ်လမ်းကွေ့ရှိသည်



ပုံ ၁၅
ရှေ့တွင် လက်ဝဲဘက်သို့ ကွေ့ရမည့်အန္တရာယ်ကွေ့ရှိသည်



ပုံ ၁၆
ရှေ့တွင် လက်ယာဘက်သို့ ကွေ့ရမည့်အန္တရာယ်ကွေ့ရှိသည်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲအား မေ ၂၉ ရက်မှ မေ ၃ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားရုံ (၁) တွင် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် အသက် (၁၃)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၃)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၉) နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၉) နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၆၀) နှစ်အထက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲအား နိုင်ငံတကာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (ITTF) မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအား စားပွဲတင်တင်းနစ်အားကစားနည်းကို မြှင့်တင်ရန်နှင့် လူထုကြားတွင် ထင်ပေါ်ကျော်ကြားလာစေရန်၊ ပြိုင်ပွဲဝင် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ ပြိုင်ပွဲဝင်အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။

❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါဇွဲဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

❖ *ကျောဖုံးမှ*

ဒူးရင်းသီး စတင်သီးချိန်ကတည်းကပင် အပင်လိုက် ခြံချုပ်ဝယ်ယူလိုသူများကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအထိ ကုန်သည်များ အဝယ်လိုက်ကာ သကြံန်ကာလလွန်သည်နှင့် ဒူးရင်းသီးများ လှိုင်လှိုင်ထွက်ရှိချိန်တွင် ခြံရှင်များအနေဖြင့် ပေါဦးပေါ်ဖျား ဈေးကောင်းရကြသဖြင့် ခူး၍ရောင်းကြပြီး သကြံန်ကာလ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များကလည်း အိမ်အပြန် လက်ဆောင်အဖြစ် ဝယ်ယူအားပေးကြကြောင်း ဒူးရင်းခြံပိုင်ရှင်တစ်ဦးဖြစ်သည့် ဒေါ်စမ်းစမ်းမော်က ပြောသည်။

**ဝင်ငွေကောင်း**

ယခုအချိန်တွင် ပေါ်ကာစဖြစ်၍ ဒူးရင်းသီး အကြီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀၀ မှ ၃၀၀၀၀ အထိ ရရှိနေပြီး အလုံးသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ အထိ ဈေးရနေကြောင်း၊ ယခုနှစ် ဒူးရင်းသီးထွက်ချိန်စော၍ ဈေးနှုန်းလည်း ကောင်းပြီး ဒူးရင်းခြံပိုင်ရှင်များ ဝင်ငွေကောင်းကြသဖြင့် မိသားစုဝင်ငွေတိုးကာ ဝမ်းသာနေကြကြောင်း ဒူးရင်းသီး အများဆုံးထွက်ရှိသည့် နတ်စမ်းကျေးရွာမှ ခြံပိုင်ရှင် ဦးမောင်ဦး၏ ပြောပြချက်အရ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

■ *ကျောဖုံးမှ*

ဒုတိယအဆင့်ခြေစစ်ပွဲကို ဇွန် ၃ ရက်မှ ၁၁ ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဩစတြေးလျ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်၊ အုပ်စု(ခ)တွင် တရုတ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေပြီး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို မတ် ၆ ရက်မှ ၁၂ ရက်အတွင်းကျင်းပခဲ့ပြီး မြန်မာအသင်းသည် အုပ်စု (G) တွင် မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်ခဲ့ကာ နှစ်ပွဲစလုံးအနိုင်ရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲ ကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း။

❍ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့သည်။ တန်းဆင်းဇုန်ဖိအားရှိနေသည့် လိဒ်စ်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင် လီဗာပူးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုများနှင့်အတူ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ လီဗာပူးအသင်း၏ ဖိအားပေးမှုများကိုသာ အကြိမ်ကြိမ် ခုခံကာကွယ်ရင်းထုတ်ခဲ့ရသည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂတ်ပို၊ ဆာလာ၊ ဂျိုတာနှင့် နူနက်ဇ်တို့က သွင်းယူပေးနိုင်ခဲ့ပြီး လိဒ်စ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဆင်နီစတာရာက သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် သွင်းဂိုးရယူနိုင်ခဲ့သော ဂတ်ပိုသည် ဇန်နဝါရီတွင် အန်းဖီးလ်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် လီဗာပူးအသင်းအတွက် သွင်းဂိုး ငါးဂိုးရှိလာပြီဖြစ်သည်။

ယခုအနိုင်ပွဲကြောင့် နည်းပြ ကလော့ပ်၏ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲ ၃၀ ကစားပြီး ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၈) တွင် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက် လိဒ်စ်အသင်းက ၃၁ ပွဲ ကစားပြီး ရမှတ် ၂၉ မှတ်ဖြင့် တန်းဆင်းဇုန်အသင်းနှင့် နှစ်မှတ်အကွာသို့ အဆင့် (၁၆) တွင် ရပ်တည်နေသည်။ ထို့ကြောင့် လိဒ်စ်အသင်းသည် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်တွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းရတော့မည် ဖြစ်သည်။

လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်တွင် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် နော်တင်ဟမ် ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လိဒ်စ်အသင်းက ပုံစံကောင်းရရှိနေသည့် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ မူဆယ်မြို့၌ ကျင်းပ

**မူဆယ် မေ ၁၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၆) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မူဆယ်မြို့ အ.ထ.က(၂) ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြိုင်ပွဲဝင်သည့် ကျောင်းသား ကျောင်းသူများအား မူဆယ်ခရိုင်ပညာရေးမှူး ဦးမောင်ကိုက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုဗိုလ်မှူးကြီး ဟန်ဝင်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲဝင်မှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပြိုင်ပွဲသို့ မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်ခမ်းမြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၅ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၆၂၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၈၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၇၀ ကျပ် | ၂၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၇၅ ကျပ် | ၂၂၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၆ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၂၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၅ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၉၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၈၀၀ | ၁၁၂ | ၈၇၃၆၀၀ |
| MTSH | ၃၀၀၀ | ၂၉၀၀ | ၄၅၀ | ၁၃၃၃၄၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၁၂၈ | ၈၈၃၂၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၆၄၇၁ | ၉၃၈၂၉၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀၅ | ၂၅၇၂၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၅-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ 'သတ္တဌာနပုဒ်ကြီးစုံညီဟံသာဝတီပုဒ္ဓါဂယာ တောင်စွဲရွှေဂူကြီးဘုရားဆီ'
၀၈:၃၅ 'မြန်လည်ပြည့်ဖြိုးဖြိုးမြွှန်းအင်ကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေးတစ်နိုင်တစ်ပိုင်ထုတ်လုပ်မှုဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေး
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ 'ကူညီအားဖြည့်အပြုံးတွေအသစ်'
၁၁:၃၀ 'ရှုပွယ်စုံလင်အာဆီယံအစီအစဉ်'
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း' (အပိုင်း-၉၁)
၁၃:၀၀ သီချင်းကြိုးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၇)
၁၅:၃၀ 'Weekly Soccer Preview'
၁၆:၄၅ အသိပညာနှင့်အမှန်တရား
၁၇:၃၅ 'ဖွံ့ဖြိုးဝေဆာသရက်မြို့မှာ'
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ဥဇဖြာမင်္ဂလာ(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'အငေသဝနာစဟလာနံ' နှင့် 'ပတိရူပဒေသဝါသော'
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း' (အပိုင်း-၉၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၁၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်) (ပထမဆု) 'မဟောသဓာဇာတ်' (ဦးကျော်ငြိမ်း(၁) သက်ဇော်) (မန္တလေးတိုင်းဒေသကြီး)
၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၉)

**mitv**

07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:07 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
07:18 Smart Village in Hopong: Kyauk Tan
07:28 Welcome To Naga Land
08:01 News
08:28 A Trip to Gyobyu Reservoir (Part-2)
08:47 Unique Art of Stucco Work (New Version)
09:18 A Precious Gift from Waste
09:28 Those Who Never Give Up (Ep-6) In Pursuit of a dream
10:01 News
10:26 Topical Topics
10:33 Thilawa SEZ (Thriving Model Special Economic Zone)
10:48 Sai Ye Kwan
11:02 Myanmar Masterclass: Artist Maung Aye

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
စွန်တောင်ရွာမှလက်မှုပညာ
**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၁)
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
တို့ဓလေ့တို့သဘာဝ
**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး
**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားတိုင်းရင်းသားများရဲ့(တဘူး)ခေါ်တားမြစ်ချက်
**ဝကေကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နဆီအစွမ်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှနန်းအဲခလိန်းအင်တာဗျူး
**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ချင်းရိုးရာအစားအစာဘူဘယ်ရဲ့ချက်ပြုတ်နည်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ 'ဖွံ့ဖြိုးဝေဆာသရက်မြို့မှာ'
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၀:၄၅ 'ရှုစမ်းရှာဖွေရှေးဟောင်းအမွေ'
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၂:၄၅ 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ သဟာရိကျပ္ပသည်ဆန်းသစ်မှုဆီသို့
၀၇:၀၀ မြေဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၇:၃၀ မြက်စားငါးကြင်းမွေးမြူသားဖောက်ခြင်းလုပ်ငန်း
၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
၀၉:၀၀ ချစ်ကြည်ဆိုရာဝယ်(ဇာတ်လမ်းတို)
၀၉:၄၅ ထန်းတောင်သူတွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review/ Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ယခုလပေးချေရသော ဓာတ်အားခသည် နောက်လလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အရင်းဖြစ်သည်

မျိုးမြင့်သူ

ခေါင်းစဉ်ပါ“ယခုလပေးချေရသော ဓာတ်အားခသည် နောက်လ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အရင်းဖြစ်သည်”ဆိုသည်မှာ အမှန်ဖြစ်သည်။

စာရေးသူက စီးပွားရေးသမား၊ ကုန်သည်မျိုးရိုးဖြစ်ပြီး ညီမငယ်ထွေး၏ ကုန်စုံဆိုင်အဝတွင်“ ယနေ့ ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်။” “ယနေ့အကြွေးမပေးပါ” စာတန်းနှစ်ခု ချိတ်ဆွဲထားသည်။ ညီမငယ်ထွေးကုန်စုံဆိုင် စဖွင့်ပြီးချိန်ကစလို့ ချိတ်ဆွဲထားသည့် စာတန်းအတိုင်း လုံးဝအကြွေးမရောင်းပါ။ နေ့စဉ် ရောင်းရငွေများကိုစုပြီး ဈေးဆိုင်အတွက် လိုသည့်ပစ္စည်း ပြန်ဝယ်လိုက်၊ ရောင်းလိုက်နှင့် ယခုဆိုလျှင် သူ့ဆိုင်က မီနီမားကတ်နီးပါး တိုးတက်နေပါပြီ။

ညီမငယ် ကုန်စုံဆိုင်မဖွင့်မီ ကျောင်းသူဘဝက စာရေးသူတို့၏ ဟိုဘက်လမ်းမှာ ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှိခဲ့သည်။ စာရေးသူတို့ မိသားစုလည်း ၎င်းဆိုင်မှာ လိုအပ်သည်များ ဝယ်ကြရသည်။

ကုန်စုံဆိုင်ပိုင်ရှင် လင်မယားက သဘောကောင်းပြီး သနားတတ်လေတော့ ရပ်ကွက်ထဲ အကြွေးရောင်းပါသည်။ လိုရင်းတိုရှင်းပြောရလျှင် အကြွေးယူသူများက များလာပြီး ယူထားသည့် ကုန်ကြွေးမပေးကြ၊ လိမ်ကြ၊ နေအိမ်ပြောင်းရွှေ့ကြနှင့် နောက်ဆုံးတော့ ငွေရင်းပျောက်ပြီး ကုန်စုံဆိုင် ပိတ်လိုက်ရသည်။

အကြွေးပေးရခြင်း။ အကြွေးရောင်းရခြင်းက အင်မတန်ကြောက်စရာ ကောင်းလှသည်။ သို့ပေသည့် မကြောက်မလန့် ဟိုယခင်နှစ်ပေါင်းများစွာမှ ယနေ့တိုင် အကြွေးပေး၊ အကြွေးရောင်းနေသည့် ဌာနကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပဲဖြစ်သည်။



လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်မီတာများအား စစ်ဆေးနေစဉ်။

## ခွဲဝေသုံးစွဲ

ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများကို door to door စနစ်ဖြင့် ဝန်ဆောင်မှုပေးကာ ရောင်းချလျက်ရှိနေသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအား လျှပ်စစ်ဓာတ်အား “ကြိုက်သလောက်သုံး၊ ကျသလောက်ပေး” တစ်လ သုံးသမျှ လျှပ်စစ်ဓာတ်အားခကို နောက်လမှ ပေးရသော အကြွေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိနေသည်။ “ယနေ့ ရောင်းရငွေသည်-မနက်ဖြန်အတွက်အရင်းဖြစ်သည်။” “ယခုပေးချေရသောဓာတ်အားခသည် နောက်လလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အရင်းဖြစ်သည်”ဟု စာရေးသူ ရှေ့တွင် ရေးသားထားသည့်အတိုင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းသည် လက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများကို ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများမှတစ်ဆင့် သာသနိကအဆောက်အအုံများ၊ ဓာတ်အားသုံးစွဲသူတို့၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ စားသောက်ဆိုင်များ၊ ကုန်တိုက်ကြီးများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးရာ၌ ထုတ်လုပ်ကုန်ကျစရိတ်၊ ဝန်ထမ်းစရိတ်၊ ပြုပြင်ထိန်းသိမ်းစရိတ် စသည်တို့မှာ ဓာတ်အားရောင်းချရသောငွေ (လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံမှရသော မီတာခ)တို့မှ ခွဲဝေသုံးစွဲနေရခြင်း ဖြစ်သည်။

တကယ်တော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချသည့် စီးပွားရေး လုပ်ငန်းဖြစ်ရာ ထုတ်လုပ်သမျှ ကုန်ပစ္စည်းကို ရောင်းချရမှ၊ လုပ်ငန်းအဆင်ပြေမှ အမြတ်ရမည် ဖြစ်သည်။

## နိုင်ငံတော်က အစီအမံများချမှတ်

ရောင်းလိုအားနှင့် ဝယ်လိုအား မျှတရန် ထုတ်လုပ်သမျှ ရောင်းချရရန် အရေးကြီးသည်။ သို့သော်လည်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေဖြင့်မူ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုထက် သုံးစွဲလိုသူများသဖြင့် လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က အထူးအားပေးကာ အစီအမံများ ချမှတ်ပြီး အသုံးစရိတ် ငွေလုံးငွေရင်းများ ပိုမိုချမှတ် သုံးစွဲခွင့်ပြုခြင်း၊ နိုင်ငံခြားချေးငွေများ ခွင့်ပြုပေးခြင်းတို့ဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးထောက်ပံ့နေသလို လျှပ်စစ်ဓာတ်အား ရောင်းချရငွေများလည်း အပြည့်အဝအချိန်နှင့်တစ်ပြေးညီ ရရှိရန် လိုအပ်ပါသည်။ သို့မှသာ ဝယ်လိုအားများသည့် လျှပ်စစ်ဓာတ်အားကို တိုးတက် ထုတ်လုပ်နိုင်မည် ဖြစ်သည်။ သို့သော်လည်း ယခု အခါ လျှပ်စစ်ဓာတ်အားခ ကြွေးကျန်များနေ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားခ ကြွေးကျန်ကောက်ခံခြင်းကို လုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ဆောင်နေရသည်။

စာရေးသူကစီးပွားရေးသမားပီပီ ဌာနဆိုင်ရာများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ထဲထဲဝင်ဝင်၊ ရင်းရင်းနှီးနှီးရှိရာ တစ်ချိန်က လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲသူများကို စီမံချက်ဖြင့် ဖမ်းဆီးဒဏ်ရိုက်ရာမှ ရရှိသောငွေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ရုံးတစ်ရုံး ဆောက်နိုင်ခဲ့ကြောင်း အတွင်းစကား ကြားသိခဲ့ရသည်။

အခုလည်း ရေးရရင်စိတ်တော့ မဆိုးကြပါနဲ့။

“လျှပ်စစ်ဓာတ်အားကိုတော့ အလျှံပယ်သုံးချင်-ဓာတ်အားခပေးဖို့ကိုတော့ ရှောင်ချင်ချင်” ဆိုသလို ဓာတ်အားခ ရှောင်ကြလို့ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှာ ကျွေးကျန်ရရှိရေးက ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေပါပြီ။ ဓာတ်အားခကြွေးကျန် ကောက်ခံရေး အတွက် အလုပ်ပိုတစ်ခု လုပ်နေရ၍ အချိန်ရော ဝန်ထမ်းအင်အားပါ ဆုံးရှုံးနေသည်။

## ကျသင့်သည့် ဓာတ်အားခကို အချိန်မီပေးချေရန်လို

တကယ်တော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထုတ်လုပ်ဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အားကို ခလုတ်တစ်ချက်နှိပ်ရုံနှင့် လွယ်လင့်တကူ သုံးစွဲနိုင်သလို မိမိတို့သုံးစွဲလို့ ကျသင့်သည့် ဓာတ်အားခကိုလည်း ကြည်ကြည်ဖြူဖြူ လွယ်လင့်တကူ အချိန်မီ ပေးချေရန် လိုသည်။

မိမိတို့ သုံးစွဲခဲ့သော ဓာတ်အားခငွေများကို မှန်မှန်ကန်ကန် ပေးချေကြခြင်းဖြင့် “ယခုလပေးချေရသောဓာတ်အားခသည် နောက်လလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အရင်းဖြစ်သဖြင့်” နောက်လတွေ၊ နောက်လတွေမှာ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ယခုလပေးချေရမည့် လျှပ်စစ်ဓာတ်အားခများကို ကြည်ကြည်ဖြူဖြူ အချိန်မှန်မှန် ပေးချေကြခြင်းဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် အထောက်အကူပြုရာ ရောက်မည်ဖြစ်ပါကြောင်း ရေးသားအကြံပြု အပ်ပါသည်။ ။

**✳ ရောင်းလိုအားနှင့် ဝယ်လိုအား မျှတရန် ထုတ်လုပ်သမျှ ရောင်းချရရန် အရေးကြီးသည်။ သို့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်မူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုထက် သုံးစွဲလိုသူများသဖြင့် လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က အထူးအားပေးကာ အစီအမံများ ချမှတ်ပြီး အသုံးစရိတ် ငွေလုံးငွေရင်းများ ပိုမိုချမှတ် သုံးစွဲခွင့်ပြုခြင်း၊ နိုင်ငံခြားချေးငွေများ ခွင့်ပြုပေးခြင်းတို့ဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးထောက်ပံ့နေသလို လျှပ်စစ်ဓာတ်အား ရောင်းချရငွေများလည်း အပြည့်အဝ အချိန်နှင့်တစ်ပြေးညီ ရရှိရန်လိုအပ်**

# အင်းစိန်မြို့နယ်၌ Digital Library Management System(DLMS)အသုံးပြုနည်း သင်တန်းဖွင့်

**ရန်ကုန် မေ ၁၈**

ပြည်သူ့ စာကြည့်တိုက်များကို သမားရိုးကျစနစ်မှ Digital Library စနစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ Digital Library Management System (DLMS) အသုံးပြု၍ စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် မေ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Digital Library Management System (DLMS) အသုံးပြုနည်း သင်တန်းဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် စာကြည့်တိုက်မိတ်ဆက်နှင့် မျိုးတူစုပညာရပ်၊ Digital Library Management System(DLMS)စတင်ဝင်ရောက်အသုံးပြုနည်း၊ စာကြည့်တိုက်ကတ်တလောက် ရေးသားနည်း၊ Barcode စက်အသုံးပြုနည်းနှင့် Barcode ထုတ်နည်းများ၊ Bluetooth Barcode Scanner အသုံးပြုနည်းများ၊ Digital Library Management System(DLMS) ကို လက်တွေ့အသုံးပြုလေ့ကျင့်နည်းများကို သင်တန်းနည်းပြ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် ဒုတိယဦးစီးမှူး ဒေါ်ဆုလှိုင်တို့က စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်လျက်ရှိရာ သင်တန်းကို ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲသို့ စေတနာသွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်း

**မန္တလေး မေ ၁၈**

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲသို့ မြန်မာနှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်) က စေတနာသွေးလှူရှင်များကလည်းကောင်း၊ ပရဟိတအသင်းအဖွဲ့များမှ လူငယ်မောင်မယ်များကလည်းကောင်း လာရောက်သွေးလှူဒါန်းရာ သွေးလှူဘဏ်ဆရာဝန်နှင့် ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြင်း၊ သွေးဖောက်ယူခြင်းများ ဆောင်ရွက်ပေးပြီး အာဟာရအစားအစာများနှင့် အားဆေးများ ပေးအပ်ခဲ့သည်။



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသည် အထက်မြန်မာနိုင်ငံအတွက် သွေးလိုအပ်ချက် အများဆုံးရှိရာဆေးရုံကြီးဖြစ်ပြီး နေ့စဉ်သွေးလှူရှင် ၇၀ လိုအပ်ချက်ရှိရာ မြန်မာနှစ်ဆန်း ၁ ရက်က စေတနာသွေးလှူရှင် ၉၃ ဦးက သွေးများ လာရောက်လှူဒါန်းခဲ့ပြီး သွေးလှူဘဏ်မှ နှစ်သစ်အမှတ်တရ သွေးအုပ်စုကီးချိန်း၊ ဂုဏ်ပြုကတ်များ ချီးမြှင့်ခဲ့သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာများနှင့် ခွဲစိတ်လူနာများအတွက် သွေးလိုအပ်လျက်ရှိပြီး အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိ ကျန်းမာရေးကောင်းသူတိုင်း လေးလတစ်ကြိမ် သွေးလှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ထားပြီး ချမ်းအေးသာစံမြို့နယ် ၇၇လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ အမျိုးသားသွေးလှူဘဏ်ခွဲကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ထားပြီး ဖုန်း ၀၉-၆၉၁၈၀၃၀၀၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ဆီဆိုင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး

**ဆီဆိုင် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မေ ၁၈ ရက် နံနက် ၄ နာရီခွဲမှ နံနက် ၅ နာရီ အထိ



လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့်လူနေအိမ်များ အမိုးသွပ်နှင့်မြားတန်းများ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ ကယန်းလေးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကက်သလစ်ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၁၀ လုံးတို့၏ အမိုးသွပ်နှင့်မြားတန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် လေဘေးသင့် ပြည်သူများအား နီးစပ်ရာဆွေမျိုးနေအိမ်များတွင် နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

## ပေါင်းတည်မြို့နယ် စွန်းလွန်းရိပ်သာနှင့်မြို့မရိပ်သာ သီလရှင်များအား ဆွမ်းဆန်စိမ်းများလှူဒါန်း

**ပေါင်းတည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စွန်းလွန်းရိပ်သာနှင့်မြို့မရိပ်သာများ၌ သီတင်းသုံးလျက်ရှိသော သီလရှင်များအား ယနေ့ နှစ်ဆန်းနှစ်ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခု နှစ်သစ်ကူးကာလများတွင် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းနှင့် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို ရပ်ကွက်နှင့်ကျေးရွာ၌ ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရှိ ဓမ္မရိပ်သာကျောင်းများမှ သီလရှင်များ ဆွမ်းကွမ်းပြည့်စုံစွာဖြင့် အေးချမ်းစွာတရားဘာဝနာပွားများနိုင်ရေးအတွက် မြို့ပေါ်နေ ပြည်သူများက ကြွချီအလှူခံကြသော သီလရှင်အပါး ၅၀ အား ဆွမ်းဆန်စိမ်းများလောင်းလှူကာ အလှူဒါနများ ပြုလုပ်ကြောင်း သိရသည်။

**သူရကြီး (ပြန်/ဆက်)**

## သာယာဝတီမြို့နယ် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**သာယာဝတီ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာတင်ထွန်းဦးနှင့် ဝန်ထမ်းများက မေ ၁၈ ရက် နံနက်ပိုင်းတွင် ကုသိုလ်ပြု အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာ တင်ထွန်းဦးက အပူဒဏ်ကြောင့်ဖြစ်တတ်သာ ရောဂါများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ဆီးချို၊ သွေးချိုရောဂါများအကြောင်း သွေးတိုးရောဂါအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများအား လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

သာယာဝတီမြို့ရှိ ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာတွင် အဘိုး လေးဦး၊ အဘွား ရှစ်ဦးတို့ကို ဂေဟာမှူးဦးဆောင်သော ဝန်ထမ်း သုံးဦးနှင့် ကော်မတီဝင်များက စောင့်ရှောက်ထားပြီး အဘိုးအဘွားတို့၏ စားဝတ်



နေရေး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် လည်ပတ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



## မြောင်းမြမြို့နယ်လုံးဆိုင်ရာ (၈၆)ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မြောင်းမြ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ (၈၆)ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ လှူဒါန်းပွဲအခမ်းအနားကို မြန်မာနှစ်ဆန်း ၁ ရက်နေ့က ကျင်းပသည်။

အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင် (ခ) ဦးဖိုးထောင်၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ထို့နောက် သံဃာတော် အရှင်မြတ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့သူမြို့သားများက ဝတ္ထုငွေသားများ၊ ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(၈၆) ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲတို့ကို မြောင်းမြမြို့ရှိ ကျောင်းတိုက် ၄၀၀ ရှိ သံဃာတော် ၂၂၁၂ ပါး ကို စာရေးတံမဲ ၄၉၅ မဲ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**ပန်းတနော် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ၁၃၈၅ ခုနှစ် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ပန်းတနော်မြစ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဆွေနှင့် ဝန်ထမ်းများက ပန်းတနော်မြစ်အတွင်းသို့ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ နှစ်သောင်းခွဲ၊ ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ ငါးထောင် စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသောင်းကို ဇီဝိတဒါနအဖြစ် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**




## ကျောက်ဖြူမြို့၌ နဝမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

**ကျောက်ဖြူ မေ ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ငလပွေ့ရပ်ကွက်တွင် နဝမအကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက်က ပြည်လုံးချမ်းသာ အလိုတော်ပြည့်စေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ငလပွေ့သမီးပျိုလေးများ သင်္ကြန်ယိမ်းအဖွဲ့က မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး ငလပွေ့ကျောင်းတိုက် ဆရာတော်အဂ္ဂဓမ္မထံမှ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသူများက အဘိုးအဘွားများအား ဩကာသ ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ အဘိုးအဘွားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် အဖွဲ့ဝင်များ၊ ငလပွေ့ရပ်ကွက်ရှိ လူပျို အပျိုများက အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့်အတူ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း**

# မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ အများအပြား ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ဒေသခံများအသွင် စိမ့်ဝင်၍ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများအား အနိုင်ကျင့်နှိပ်စက်ခြင်း၊ အဓမ္မဆက်ကြေးကောက်ခံခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံများအား ဖမ်းဆီးသတ်ဖြတ်လျက် ရှိကြောင်း သိရှိရသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်း နေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့ အကြမ်းဖက် လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိဒေသခံများ ကျေးရွာသူ၊ ကျေးရွာသားများ၏ သတင်းပေးပို့မှုအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် အလစ်အငိုက် ဝင်ရောက်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် သတင်းဖော်ထုတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက မကြီးကန်ကျေးရွာ အား ဝင်ရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်း များနှင့် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သူများဟု ယူဆရသူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၀ ကို လိုအပ်သည့် စစ်ဆေးမှု များ ဆောင်ရွက်နိုင်ရန် ခေတ္တထိန်းသိမ်းထားရှိခဲ့ပြီး မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ၆၀ မမ ဗုံးသီး နှစ်လုံး၊ လက်လုပ်လက်ပစ်ဗုံးနှင့် Drop ဗုံးသီး သုံးလုံး၊ ကျည်မျိုးစုံ အတောင့် ၇၈၀၊ ဆက်သွယ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ People Defence Force (Myaing) စာတန်းပါ ယူနီဖောင်းများ အပါအဝင် ယူနီဖောင်းမျိုးစုံ ၅၃ စုံ၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ Myaing PDF စာတန်းပါ လက်မောင်းဘက် တံဆိပ်များ၊ ဗုံးခိုကျင်း တစ်ခု၊ မော်တော်ယာဉ်မျိုးစုံ သုံးစီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ငါးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကန်ကြီးကျေးရွာအတွင်းသို့ ဝင်ရောက်၍ လိုအပ် သည့် စုံစမ်းစစ်ဆေးခြင်းများနှင့် ရှာဖွေဖော်ထုတ် ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာ အခြေခံ ပညာ မူလတန်းကျောင်းအတွင်းမှ လက်လုပ် လက်ပစ်ဗုံး တစ်လုံး၊ Nissan အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ၁၅ စီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ အများအပြား ဖော်ထုတ်သိမ်းဆည်းရမိသည့် ဖြစ်စဉ်ပြပုံ




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြိုင်မြို့နယ် အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုး ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်ခဲ့သူ PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးအား အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် အကြမ်းဖက် ဖောက်ခွဲရန် ပြုလုပ်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးကို မေ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဒေသခံ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီး ရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNLA တပ်မဟာ (၆)၊ ရင်း (၁၆)မှ ဒုခွဲမှူးအဆင့်ရှိ ချနေလား၏ စေခိုင်းချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့နယ် တလက်ခွကျေးရွာနေ အာကာမင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ အောင်မျိုးထက်တို့ နှစ်ဦးသည် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံး ဖြင့် ဖောက်ခွဲဖျက်ဆီးရန်အတွက် ရေးမြို့နယ် လိမ္မော်ခြံကျေးရွာမှ မေ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာ ခဲ့ပြီး ရေကစားမဏ္ဍပ်အနီး၌ အခြေအနေ စောင့်ကြည့်ခဲ့ ကြောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ် ခန့်တွင် အာကာမင်းက လက်ပစ် ဗုံးအား ဘောင်းဘီအိတ်အတွင်းမှ ပစ်ခတ်ရန် ထုတ်ယူစဉ် လက်ပစ်ဗုံး၏ လုံခြုံရေးပင်မှာ ဘောင်းဘီအိတ်အတွင်း ပြုတ်၍ ကျန်ရှိခဲ့သဖြင့် လက်ပစ်ဗုံးကို လမ်းဘေး ရေမြောင်းအတွင်းသို့ ထိတ်လန့်စွာဖြင့် လွှင့်ပစ်ခဲ့ရာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်မှုမရှိ ကြောင်းနှင့် အဆိုပါအကြမ်းဖက် သမား နှစ်ဦးအား ဒေသခံပြည်သူ များက ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အပ်နှံ ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ပြောကြားချက်အရ သံဖြူဇရပ် မြို့နယ် သင်္ကောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၀၀ ခန့်အကွာရှိ လျှိုအတွင်း၌ လက်လုပ်မိုင်း သုံးလုံး သိမ်းဆည်း ထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ နှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်း သုံးလုံးအား သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာ၌ ပင် ဖောက်ခွဲဖျက်ဆီးရှင်းလင်းခဲ့ ကြောင်း၊ ထို့နောက် အဆိုပါနေရာ မှ ပြန်လည်ထွက်ခွာလာစဉ် ဖမ်းဆီး ရမိ အကြမ်းဖက်သမား နှစ်ဦးက ထွက်ပြေးခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့် ပစ်ခတ် တားဆီးခဲ့သော်လည်း ရပ်တန့်ခြင်း မရှိသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက် သမား နှစ်ဦးသည် ကျည်ထိမှန် ဒဏ်ရာများရရှိကာ သေဆုံးသွား ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်း ဖက်သမား နှစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက် လျက်ရှိကြောင်းနှင့် ၎င်းတို့၏ ရုပ်အလောင်းများအား သံဖြူဇရပ် မြို့နယ် ဝဲကလိကျေးရွာသုသာန် ၌ ကောင်းမွန်စွာ မီးသဂြိုဟ် ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်စဉ် လက်ပစ်ဗုံး ကျရောက်ပေါက်ကွဲခဲ့သည့် နေရာကို တွေ့ရစဉ်။



သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်ခဲ့သူ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး သိုဝှက်ထားသည့် လက်လုပ်မိုင်းများအား တွေ့ရစဉ်။

## မော်လမြိုင်မြို့နယ် သွေးသစ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားများအား စုဆောင်းငွေပေါ် အတိုးများပေးအပ်

မော်လမြိုင် မေ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သွေးသစ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အသင်းသား အသင်းသူ ၆၈ ဦး၏ စုဆောင်းငွေပေါ်အတိုးငွေကျပ် ၃၀၀၃၄၄၅ အား ထုတ်ပေးလျက်ရှိပြီး အသင်းသားများအနေဖြင့် သမဝါယမဆိုင်ရာလုပ်ငန်းစဉ်များနှင့် ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ”

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ သြဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်းပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင် လာရောက်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်း တို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ် ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၃)**

### ပျောက်ဆုံးကြောင်း

ကျွန်မ မအေးစန္ဒာ ၇/ပတန(နိုင်) ၁၁၉၉၀၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၅၅၃၈၀

### မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ တောင်ဘို့လှမြိုင်သာအုပ်စု၊ မြိုင်သာကျေးရွာနေ (ဘ) ဦးကျော်ပြန့်၏ သမီး ဒေါ်ရီရီစန်း ၅/ဖပန(နိုင်)၀၄၀၃၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၈-၁၉၉၇) ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်သူ့လမ်း၊ အခန်း အမှတ်(B-4)၊ အမှတ်(12-L) ၊ 7 Miles Condominium ၊ ကားပါကင် Basement(2)ထပ်+Penthouse+RC(6)ခွဲ ထပ်တိုက် အဆောက်အအုံ၏ (၃)လွှာ၊ ဧရိယာ ၁၀၀၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခင်တိုးယဉ် (၁၂/ဗဟန(နိုင်)၀၃၉၄၈၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးတိုက်စိုး (၁၂/အစန(နိုင်) ၁၉၉၈၇၈) ၊ ဒေါ်အေးစန္ဒာမြင့် (၁၂/ပဇတ(နိုင်) ၀၃၁၃၆၂)တို့က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုက်စိုးနှင့် ဒေါ်အေးစန္ဒာမြင့် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## တရားမဝင်သစ်မျိုးစုံ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန တာဝန်ကျ စစ်ဆေးရေးအဖွဲ့က သတင်းအရ ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်းအား ရှောင်ကွင်း၍ ဘယ်လင်း-စွန်ရဲ-ရဲရွာ-ကဗျူး-သံတောင်-ရွှေချောင်း-ပြင်စာလမ်းပိုင်းရှိ (၃၁ ဒသမ ၅) ကီလိုမီတာ မှတ်တိုင်အနီးတွင် ပီနံအိတ်များဖြင့် ထည့်ထားသည့် ကျောက်တုံးဆိုဒ်စုံ သုံးထုပ်၊ ကျောက်တုံးအသေးရောနှော ၃၃ အိတ်တို့အား စိစစ်တွေ့ရှိသဖြင့်




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုဒ်စုံ ၆၀ ကီလိုဂရမ်နှင့် အလှဆင်ကျောက်ဟု ယူဆရသော အနီရောင် ကျောက်မှုန့်နှင့် ကျောက်တုံး အသေးရောနှော ၁၅၈၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် M-150 အချိုရည်ဖာ ၁၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရုတ်နိုင်ငံမှ ရောက်ရှိလာသော လေယာဉ် တစ်စင်းပေါ်ရှိ ခရီးသည်ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Professional Wireless Intercom ၁၂ စုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၇ ဒသမ ၆၀၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၆၅၆၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိ မြို့နယ်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၂ ဒသမ ၇၆၀ တန်နှင့် မီးသွေး ၃ ဒသမ ၃၃၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၂၂၁၇)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၅၅၇၈၇၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထွန်းထွန်း ၈/အလန(နိုင်)၁၂၃၄၂၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖြိုး ၈/တတက(နိုင်)၂၀၂၄၃၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၀၇၉၄၁

## ပတ်စ်ပို့ပျောက်

ကျွန်မ မမာမာလွင် ၈/တတက(နိုင်)၂၄၅၁၁၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၀၇၉၄၁

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## လှိုင်ကော်ခရိုင် တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်ထရေးဇာ(ခ)ဝင်းချစ် **နှင့်** ဒေါ်နန်းရွှေလေး

**တရားလို** **တရားပြိုင်**

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ဥတ္တရုံကျောင်းလမ်း၊ ၈ျ/၇၅ ရပ်နေ ဒေါ်နန်းရွှေလေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ထရေးဇာ(ခ)ဝင်းချစ်က ငွေကျပ်သိန်း(၈၀)နှင့် နစ်နာကြေး ငွေကျပ်သိန်း(၃၀)၊ စုစုပေါင်းငွေကျပ်သိန်း(၁၁၀)ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဧပြီလ ၂၈ ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
ခရိုင်တရားသူကြီး
လှိုင်ကော်ခရိုင်တရားရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ်စဉ်- ၁/၂၀၂၃-၂၀၂၄)

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ် ရေလှောင်တမံစီမံကိန်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် ဒီဇယ်ဆီ (H.S.D)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀-၄-၂၀၂၃ရက်
**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၄-၅-၂၀၂၃ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံး** - ၅-၅-၂၀၂၃ရက်
**တင်သွင်းရမည့်ရက်** ညနေ ၄ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၉-၅-၂၀၂၃ရက် နံနက် ၁၀နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - တည်ဆောက်ရေး(၉)ရိပ်သာ၊ သုံးဆယ် မြို့၊ သာယာဝတီခရိုင်

၂။ တင်ဒါလျှောက်လွှာများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စမိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၆၆၄၇၆၇၊ ၀၉-၅၀၉၆၀၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
တည်ဆောက်ရေး (၉)၊ ဆည်/ရေ ဦးစီးဌာန

## တင်ဒါပိတ်သိမ်းမည့်ရက်ပြောင်းလဲကြောင်းကြေညာခြင်း

(၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ကင်ဆာဆေးဝါးများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် 3DMS/2023-2024 (L)ဖြင့် တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်သိမ်းမည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲပိတ်သိမ်းမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မူလတင်ဒါပိတ်သိမ်းမည့်ရက်** - ၂၁-၄-၂၀၂၃ရက်၊ မွန်းတည့် ၁၂ နာရီ
**ပြောင်းလဲသတ်မှတ်သည့် တင်ဒါပိတ်သိမ်းရက်** - ၂၈-၄-၂၀၂၃ရက်၊ မွန်းတည့် ၁၂ နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ခွင့်ပြုပေးပါရန် အကြောင်းကြားခြင်း

ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ် မင်းဖူး အာရုံခံတန်ဆောင်း နဖူးစီးများတွင် ရုပ်လုံးကြွတပ်ဆင်ထားသော ဗိသုကာ ဆရာဆိုင် မန္တလေး၏ လက်ရာများသည် နှစ်ပေါင်း(၇၀)ကြာမြင့်ပြီဖြစ်၍ ဂေါပက အစီအစဉ်များဖြင့် ဆေးရောင်ခြယ်ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဗိသုကာ ဆရာဆိုင် မန္တလေး၏ မိသားစုဝင်များရှိပါက ပြည်မြို့၊ ရွှေဆံတော်ဂေါပကရုံးဆက်သွယ်၍ ခွင့်ပြု/မပြု ခုနစ်ရက်အတွင်း သဘောထားမှတ်ချက် ပြန်ပေးရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၅၃-၂၅၁၈၀၊၀၅၃-၂၅၀၃၅**

**ဂေါပကအဖွဲ့**
**ရွှေဆံတော်၊ ပြည်မြို့**

## မှတ်ပုံတင်နံပါတ်အမှန်

မြစ်ကြီးနားမြို့၊ အာလမ် ကျေးရွာ၊ အမှတ် (၁/၆၄)နေ ဦးတူးအောင်၏သမီး မဘောက်ဂျာ၏ မှတ်ပုံတင် နံပါတ်အမှန်မှာ ၁/မကန(နိုင်)၂၄၇၁၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မှတ်ပုံတင် နံပါတ်အမှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) အာလမ်(၁)၊ Grade- 10မှ မမိုင်းဂျာ၏ ဖခင်အမည်မှန်မှာ ဦးဂျာနော်ဖြစ်ပြီး ၎င်း၏ မှတ်ပုံတင် နံပါတ်အမှန်မှာ ၁/မကန(နိုင်)၀၅၄၁၈၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မှုံကြီး ၈/တတက(နိုင်)၂၅၈၁၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၁၁၀၃၃၃၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးလွင်စိုး ၈/စလန(နိုင်)၁၃၁၄၅၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၁၁၀၃၃၃၈

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၁၇ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၇+၈)၊ တိုက်တန်းငွေဇီးအကွက်၊ ဦးပိုင်အမှတ် (၂၀၉/ည-၂)၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ ဒေါ်မြမြစိမ်း အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-ဦးပိုင် (၂၀၉/ခ+၂၀၉/သ)၊ အနောက်-ရတနာလမ်း၊ တောင်-ဦးပိုင် (၂၀၉/ဒ)၊ မြောက်-ဦးပိုင် (၂၀၉/ဘ) အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဦးသိန်းဝင်း အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၆-၄-၂၀၂၃ ရက်မှ ၇-၅-၂၀၂၃ ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရီမန်ချင် ၁၃/ကလတ(နိုင်)၀၄၀၄၀၂ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၂၆၉၈၈၂

## အမည်မှန်

ဦးလဂျက်၏သား မြစ်ကြီးနားမြို့၊ အထက(ခွဲ)Grade-8 မှ မောင်ဆွတ်ဒူအောင်၏ အမည်မှန်မှာ မောင်လဆယ်အောင်ဆွတ်ဒူ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၉)၊ အမှတ် ၉/၈၄နေ ဦးအာမိုးဆီ -ဒေါ်ငွားမာဆာတို့၏သမီး မဂျက်(စ်)မီး(ခ) မနီးနာသည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ငွားမာဆာ(ခ) ဒေါ်ငွားမဆာ ၁/မကန(နိုင်) ၀၉၁၆၃၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) အာလမ်(၁) Grade- 8 မှ မောင်ထွယ်မိုင်နှင့် ဆဌမတန်းမှ မောင်ဆွတ်ထိန်လတို့၏ ဖခင်အမည်မှန်မှာ ဦးတူးအောင်ဖြစ်ပြီး ၎င်း၏မှတ်ပုံတင်နံပါတ်အမှန်မှာ ၁/အဂယ(နိုင်) ၀၀၅၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း အဋ္ဌမတန်း(စနစ်သစ်)မှ မောင်မုန်ဒိတ်ကိမ်း၏ ဖခင်အမည်မှန်မှာ ဦးဒမ်ရှန်မုံ ၅/ကလထ(နိုင်)၀၇၉၂၉၈ ဖြစ်ပါကြောင်း။

**ဦးဒမ်ရှန်မုံ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း အဋ္ဌမတန်း(စနစ်ဟောင်း)မှ မောင်ဂင်လမ့်ခွာလ်၏ ဖခင်အမည်မှန်မှာ မောင်ငင်လမ်ခွာလ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဒမ်ရှန်မုံ ၅/ကလထ(နိုင်)၀၇၉၂၉၈ ဖြစ်ပါကြောင်း။

**မောင်ငင်လမ်ခွာလ်၊ ဦးဒမ်ရှန်မုံ**

## ဥတုရာသီ တောကိုမီ

## ကန့်ကွက်နိုင်ပါကြောင်း




ဟောင်းချစ် စားသောက်ကုန်လုပ်ငန်း (HAO CHI Confectionery) အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးမည်ဖြစ်ပါသဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း ၁၃/လရန(နိုင်)၀၉၈၈၉၅**
**ဖုန်း-၀၉-၇၈၄၂၇၈၃၃၆၊ ၀၉-၈၉၇၀၈၀၀၄၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၃၈/ခ၊ (၂)ခန်းတွဲ RC(၈) ထပ်အဆောက်အအုံ၏ (စတုတ္ထထပ်)၊ ၅-လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ ၉၀၃ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်လင်းအောင် (၁၄/ဝခမ(နိုင်)၁၅၆၂၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းသက်ခိုင် (၁၀/ခဆန(နိုင်)၁၂၆၄၉၈)၊ ဒေါ်မီမီကို (၁၃/တကန(နိုင်)၂၃၉၃၉၆) တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းသက်ခိုင်၊ ဒေါ်မီမီကို တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်မြို့ပတ်လမ်းနှင့် (၉)လမ်းထောင့်၊ အမှတ် (၇၁)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅လွှာ) (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်း) အခန်း၊ ဧရိယာ ၅၂၈စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ရှယ်လီ(ခ)ဒေါ်ခင်အေးကြည် (၁၂/မဂတ(နိုင်)၀၅၃၇၅၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ရတနာချစ် (၉/ပမန(နိုင်)၁၅၂၇၂၄)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ၊ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရတနာချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ ၉လမ်း၊ အမှတ် ၁၇၃နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇင်လင်းအောင် ၁၂/ဒဂရ(နိုင်)၀၀၆၈၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေကွက်အမှတ် B/၇၅၊ အေးသာယာရပ်ကွက်၊ သဇင်/ဗဟို ၄လမ်း၊ ဦးချိုအေး ၁၂/သလန(နိုင်)၀၂၆၆၉၈ စလစ်အမည်ပေါက် အကျယ်(၄၀ပေx ၆၀ပေ)ရှိသည့်အနက်မှ ခြေရင်းခြမ်း အကျယ်(၂၀ပေx ၆၀ပေ)ရှိမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်မြင့်ဝင်း ၁၂/တတန(နိုင်)၀၂၉၂၅၄ က စာချုပ် အဆက်ဆက်ဖြင့် တရားဝင် ပိုင်ဆိုင်ကြောင်း၊ ၎င်းသာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့်ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint (Law Firm)**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာ ခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေများ)** |

**အမှတ် ၈၉၉/ပထမထပ်၊မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊၀၉-၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၅)၊ လွယ်ခမ်းလမ်းရှိ အရှေ့ဘက် (၁၀၁)ပေ၊ အနောက်ဘက် ပေ (၁၀၀)၊ တောင်ဘက်ပေ (၁၀၀)နှင့် မြောက်ဘက် (၁၀၂)ပေရှိ မြေကွက်အား ဦးခွန်ရွှေသိန်း (၁၃/တကန(နိုင်)၀၆၆၅၇၈)၊ ဦးခွန်အောင်သိန်း ၁၃/ပလန(နိုင်)၀၀၀၈၅၇နှင့် ဦးခွန်တီးကျော် ၁၃/တကန(နိုင်)၀၂၁၂၅၃တို့ထံမှ ဒေါ်နန်းစိန်ချယ်(၁၃/လလန(နိုင်)၀၁၀၆၈၂)က ၁၁-၃-၂၀၁၁ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းစိန်ချယ်က အဆိုပါမြေကွက် မှာ ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညီညီဇော် (LL.B)** | **ဒေါ်အေးအေးသွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၂၂)** |

**FAMILY LAWYER (TAUNGGYI) Co.,Ltd.**
**အမှတ် (၃၁၂)၊ သီရိမင်္ဂလာအိမ်ရာ၊ ပထမထပ်၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် -၆/တိရစ္ဆာန်မွေးမြူရေးရပ်၊ ဦးပိုင်အမှတ် ၉/၂၉၁၊ ဧရိယာ(၀ဒသမ၁၂၄)ဧကရှိ အိမ်မြေဥပစာ အကျိုးခံစားခွင့်အရပ်ရပ်၊ တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် ၁၈၇/၁၉၉၈ နှင့် တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆/တိရိစ္ဆာန်မွေးမြူရေးရပ်၊ ဦးပိုင်အမှတ် ၉/၂၉၀၊ ဧရိယာ(၀ဒသမ၁၂၈)ဧကရှိ အိမ်မြေဥပစာအကျိုးခံစားခွင့်အရပ်ရပ်၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် ၁၈၈/၁၉၉၈ တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မကြီး(ဘ)ဦးပု (၁၃/တကန(နိုင်)၀၂၇၃၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းမိုးခိုင် (၁၂/စခန(နိုင်)၀၅၆၂၀၆)က (၇-၄-၂၀၂၃)ရက်က ဝယ်ယူရန် ပထမအကြိမ်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာ ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော မူရင်းအထောက်အထားတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း၊ ဥပဒေပြဌာန်းချက်များနှင့်အညီ တရားဝင်အမည်လွှဲပြောင်း ရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သင်းမိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် ရုံးသုံးစက်ပစ္စည်း (၃)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၄-၂၀၂၃ရက်မှ ၂၈-၄-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)

တင်ဒါပုံစံရောင်းချမည့်နေရာ - ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ (နေပြည်တော်)၊ ရုံးအမှတ် (၅၅)

တင်ဒါနောက်ဆုံးတင်သွင်း - ၄-၅-၂၀၂၃ရက် ညနေ ၄:၀၀နာရီ ရမည့်နေ့ရက်

တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၅-၅-၂၀၂၃ရက် နံနက် ၁၀:၀၀နာရီ

တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ် (၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါထပ်မံ အသိပေးခေါ်ယူခြင်း

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူမည့် Air Quality Monitoring System အတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ၁၅-၄-၂၀၂၃ရက် (စနေနေ့) ထုတ် မြန်မာ့အလင်းသတင်းစာတွင် ခေါ်ယူထားပြီးဖြစ်ပါကြောင်း ထပ်မံ အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၅-၄-၂၀၂၃ရက် (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၁၄-၅-၂၀၂၃ရက်(၁၆:၀၀)နာရီ

တင်ဒါတင်သွင်းရန်လိပ်စာ - ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း-၀၉-၄၂၅၃၀၂ ၆၀၃

## ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ပြည်မြို့နယ်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၂

ဒေါ်ဝင်းဝင်းနွယ် **နှင့်** ဒေါ်သန်းမြင့်

**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ နဝင်းရပ်ကွက်၊ နဝင်းကွက်သစ်၊ အမှတ် (၄/၂၇)နေသူ တရားပြိုင် ဒေါ်သန်းမြင့်(ဘ)ဦးမောင်ရှင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဝင်းဝင်းနွယ်က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် အဆိုပြုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် မေ ၄ရက် (၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်)နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဧပြီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြရွှေဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဧညဝတီလမ်း၊ အမှတ်(၁၀)၊ (၂)ခန်းတွဲRC(၆)ထပ် အဆောက်အအုံ၏ (ပထမထပ်)၊ (၂လွှာ)၊ တိုက်ကို မျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ (၅၂၇)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်သိင်္ဂီညွှန့် (၁၂/သလန(နိုင်) ၀၇၆၈၃၁)၊ ဒေါ်မြတ်သန္တာလင်း (၁၂/စခန(နိုင်) ၀၅၉၀၇၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သော ဒေါ်ယုမွန်ဇော် (၉/မဟမ (နိုင်) ၀၂၃၈၂၉)တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုမွန်ဇော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန် ဆေးရုံအုပ်ကြီးရုံး ဖုန်း-၀၁၃-၆၄၀၁၃၂၊ ၀၁၃-၆၄၀၅၂၃၊ ဖက်(စ်)-၀၁၃-၆၄၀၅၂၃ အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော လူနာများအတွက် အသုံးပြုရန် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ခွဲစိတ်ခန်းသုံး၊ ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Oxygen နှင့် Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအား ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၉-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ဖုန်း-၀၁၃-၆၄၀၅၂၃၊ ၀၁၃-၆၄၀၁၃၂**

## မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၄-၄-၂၀၂၃ရက် မှ (၅-၅-၂၀၂၃)ရက်ထိ

တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်၊ အချိန် - ၈-၅-၂၀၂၃ရက် နံနက် ၉နာရီမှ ညနေ ၄:၃၀နာရီအထိ

တင်ဒါရွေးချယ်မည့်ရက်၊ အချိန် - ထပ်မံကြေညာပါမည်။

တင်ဒါတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ငယ်တံတားမြောက်ဘက်ထိပ်၊ အမရပူရမြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအား ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၆၉၇၀၅၀၆၂၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဂန့်ဂေါရိပ်သာလမ်း၊ အမှတ် (၁၁၆၇/က+ခ)၊ (၂)ခန်းတွဲ RC (၆ ၁/၂)ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာ (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်းအခန်း)၊ ဧရိယာ (၁၀၂၆) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်အောင်ကျော် (၁၂/လမန(နိုင်)၁၂၅၁၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆွေဆွေဝင်း (၁၂/မဂဒ(နိုင်)၁၅၄၂၇၃)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ၊ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ဆွေဆွေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ထန်းပင်ကုန်းရပ်ကွက်၊ထန်းပင်ကုန်း ၇လမ်း၊အမှတ် ၁၀ ဟု ခေါ်တွင်သော အလျား xအနံ(၂၅ပေx ၆၀ပေ) အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံအပါအဝင် ယင်းတို့၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်သန်းဌေး(ဘ)ဦးစံသိန်း ၃/ဘအန(နိုင်) ၁၃၅၄၇၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်တင်နီလာအေး(ဘ) ဦးမောင်မောင်အေး ၁၂/ပဘတ(နိုင်)၀၃၂၂၀၁(၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဦးမောင်မောင်အေး)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇာနည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁) ကျိုက်ထိုခရိုင်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

ဦးအောင်သူမြတ် လျှောက်ထားသူ

အိမ်အမှတ်-၁/၃၉၊ ဗိုလ်ချုပ်လမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့နယ်နေ အရွယ်မရောက်သေးသူ မောင်ပြည့်ဖြိုးသန့်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

အိမ်အမှတ်-၁/၃၉၊ ဗိုလ်ချုပ်လမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့နယ်နေ အစ်ကိုအရင်းတော်စပ်သူ ဦးအောင်သူမြတ်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ပြည့်ဖြိုးသန့်သည် အသက် (၁၇)နှစ်ခန့်ရှိသူဖြစ်ပြီး ၎င်းက ကျွေးမွေးခေါ်ယူ စောင့်ရှောက်ပေးထားကြောင်း အစ်ကိုအရင်းတော်စပ်ပြီး အနီးစပ်ဆုံးဆွေမျိုးဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ် မေ ၂၅ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ်၊ ဧပြီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(စိုးလင်းအောင်)**
**ခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၃၆၅၊ ပိတောက်လမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၃၆၅၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဒေါ်သီသီမာ (၇/ပမန(နိုင်)၀၀၄၃၁၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သော ဦးကျော်ဇေယျာဝင်း (၁၄/ပသန(နိုင်) ၁၆၈၆၆၄)က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City ၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၆)၊ အကွက်အမည် (ပန်းဆိုးတန်းရပ်)၊ ဦးပိုင်အမှတ် (၃၂ᶜ)၊ မြေကွက်အမှတ်၊ ဧရိယာ ၀.၀၁၇ဧက၊ ဦးပိုင်အမှတ် (၄၀ᶜ)၊ ဧရိယာ ၀.၀၀၄ဧက၊ ဦးပိုင်အမှတ် (၄၀ᶜ)၊ ဧရိယာ ၀.၀၀၉ ဧက၊ မြေကွက်အမှတ်၊ စုစုပေါင်းဧရိယာ ၀.၀၃၀ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်နေ ဦးစိုင်းညီညီမှ လျှောက်ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ခုနှစ်၊ မေ ၆ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅) လှိုင်ကော်ခရိုင် တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဒေါ်ယမင်းထွေး **နှင့်** ဒေါ်နန်းရွှေလေး

**တရားလို** **တရားပြိုင်**

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ဥတ္တရုံကျောင်းလမ်း၊ ၈၂/၇၅ ရပ်နေ ဒေါ်နန်းရွှေလေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ယမင်းထွေးက ယုံကြည်အပ်နှံငွေကျပ် (၁၆၅)သိန်းနှင့် နစ်နာကြေးငွေကျပ်(၁၆၅)သိန်း၊ စုစုပေါင်းငွေကျပ်သိန်း(၃၃၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဧပြီလ ၂၈ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင် ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**ခရိုင်တရားသူကြီး**
**လှိုင်ကော်ခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ဖျာပုံမြို့နယ်၊ ကျုံကဒွန်းကျေးရွာနေ ဦးစန်းလှိုင် ၁၄/ပတန (နိုင်) ၂၀၅၅၄၅၏ သမီး မမြတ်သူဇာ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၁၀-၂၀၀၄) ဖြစ်ပါကြောင်း။

**ဦးစန်းလှိုင်**
**၁၄/ပတန(နိုင်) ၂၀၅၅၄၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7108 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လက်ပံတန်းမြို့နယ်၊ ပုတိမ်စုအုပ်စု၊ သပြေမြကျေးရွာနေ ဦးတင့်ဆွေ(ခ)ဦးမောင်တာ-ဒေါ်ခင်မြဝင်းတို့၏သား မောင်ထင်ကျော်သည် မိသားစုအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ၎င်းအား အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်မှုများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

**(မေးမြန်းခြင်းသည်းခံပါ။)**
**မိဘများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/5738, Marlar Light Truck, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့် ၅/စကန(နိုင်)၂၄၆၅၀၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6291, Sein Light Truck, P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဗိုလ်ငြိမ်း ၁၄/ဘကလ(နိုင်) ၁၈၃၉၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4A/5470 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဦး ၉/မသန(နိုင်)၁၂၆၀၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၅-၄-၂၀၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်သိမ်းမည့်ရက် - ၄-၅-၂၀၂၃ ရက်၊ (ကြာသပတေးနေ့)

(ဂ) တင်ဒါလျှောက်လွှာ (နောက်ဆုံး) တင်သွင်းရမည့်ရက် - ၄-၅-၂၀၂၃ ရက်၊ (ကြာသပတေးနေ့)

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက် - ၉-၅-၂၀၂၃ ရက်၊ (အင်္ဂါနေ့)

၂။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၉၀၁၀၆၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန
## ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သပြေ (၂)နှင့် သဇင် (၆) အပျိုဆောင်များအနီးတွင်
## Steel Structure စားသောက်ဆိုင်ခန်းများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင် / ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း
## (Expression of Interest)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သပြေ (၂)နှင့် သဇင် (၆) အပျိုဆောင်များ မြေရိယာအတွင်းရှိ မြေကွက်လပ်တွင် Steel Structure စားသောက်ဆိုင်ခန်း၊ (၁)ခန်းလျှင် (၁၄'x၃၀')အကျယ်ရှိ (၄)ခန်းတွဲ၊ အဆောက်အအုံ (၂)လုံး၊ ဆိုင်ခန်း (၈)ခန်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI) ဖိတ်ခေါ်အပ်ပါသည်။ အဆိုပြုလျှောက်လွှာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနရုံးသို့ ၅-၅-၂၀၂၃ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။

၂။ (Expression of Interest-EOI) Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကိုရုံးချိန်အတွင်းဈေးများဌာန၊တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၈၁၀၈၃၀၅သို့ ဆက်သွယ်ရယူနိုင်ပြီး လာရောက်ထုတ်ယူစဉ် မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထား မိတ္တူများပြသလျက် ထုတ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၀၉)လမ်း၊ အမှတ် (၄၁)၊ (၄)လွှာ၊ (ညာဘက်ခြမ်း)၊ (၁၃ပေခွဲx၄၅)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်ရင်လှ (၁၂/သကတ(နိုင်)၀၈၅၃၂၂)က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဘိုကြီး (၁၂/တမန(နိုင်)၀၄၃၄၄၀)မှလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ချယ်ရီသန်းစိုး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၄၉၆၃/၂၀၂၂)** |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ (တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ ပေ(၈၀x ၈၀)၊မြေကွက်အမှတ်(ဒ-၃၂၅၄၃)ရှိ ဦးအုန်းကျော်(ဘ)ဦးဂျွန် ၁၄/ကခန(နိုင်)၀၂၀၉၇၈ အမည်ပေါက်ပါမစ်မြေကွက်အား ဦးအုန်းကျော်ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၁၂/၂၀၁၁)၊ ၁၅-၂-၂၀၁၁ရက်ရှိထားသူ ဒေါ်ဆီရှင်းရွှင်(ဘ)ဦးဆီစုံလျို ၁၃/ကခန(နိုင်)၀၄၂၅၆၉ မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်ဆီရှင်းရွှင်(ဘ)ဦးဆီစုံလျို ၁၃/ကခန(နိုင်)၀၄၂၅၆၉ မြေပေးမိန့်အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## (မီးသတ်ဦးစီးဌာန)
## မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလျှောက်လွှာများ ခေါ်ယူပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်း**
ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ဝန်ထမ်းနေအိမ်(၁၆၄x ၃၅)ပေ(၆) ခန်းတွဲ(၂)ထပ်
(ရေသန့်၊ လျှပ်စစ်)ပါ

(ခ) **ဝယ်ယူရေးလုပ်ငန်းများ**
(၁) BA Set (Breathing Appratus) (၄၁)လုံး
(၂) Rescue Power Ascender (၃)လုံး

၂။ တင်ဒါလျှောက်လွှာများကို မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးတည်ရှိရာ မော်လမြိုင်မြို့တွင် အောက်ပါအစီအစဉ်အတိုင်းလျှောက်လွှာ တင်သွင်းရမည် ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာ ရယူရန်** - ၂၀-၄-၂၀၂၃ရက်မှ ၃-၅-၂၀၂၃ရက်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃-၅-၂၀၂၃ရက်တွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၁၄၉၅၊ ၀၅၇-၂၀၂၁၄၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁ နှင့် ၅)
## လှိုင်ကော်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

| | | |
|---|---|---|
| ဒေါ်နန်းလွင်လွင်ဦး | **နှင့်** | ဒေါ်နန်းရွှေလေး |
| **တရားလို** | | **တရားပြိုင်** |

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ဥတ္တရုံကျောင်းလမ်း၊ ဈ/၇၅ရပ်နေ ဒေါ်နန်းရွှေလေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်နန်းလွင်လွင်ဦးက စားသောက်ကုန် ပစ္စည်းဖိုး ကျန်ငွေကျပ်(၆၆)သိန်းနှင့် နစ်နာကြေးငွေကျပ် ၅၄ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၁၂၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဧပြီ ၂၈ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၁၀ရက်)နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**ခရိုင်တရားသူကြီး**
**လှိုင်ကော်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## လှိုင်ကော်ခရိုင် တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| ဦးကျော်မင်းဦး | **နှင့်** | ဒေါ်နန်းရွှေလေး |
| **တရားလို** | | **တရားပြိုင်** |

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ဥတ္တရုံကျောင်းလမ်း၊ ဈ/၇၅ ရပ်နေ ဒေါ်နန်းရွှေလေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဦးကျော်မင်းဦးက နှမ်းဖိုးကျန်ငွေကျပ်(၃၆၅)သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဧပြီလ ၂၈ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**ခရိုင်တရားသူကြီး**
**လှိုင်ကော်ခရိုင်တရားရုံး**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၄-၂၀၂၃ရက်(ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** - ၁၇-၅-၂၀၂၃ရက်၊ ညနေ ၁၆:၀၀ နာရီ

(ဂ) **(PO/ကုမ္ပဏီဖွဲ့စည်းပုံ/ အခွန်ကင်းရှင်းကြောင်း အထောက်အထား/ Bank Statement တင်ပြရမည့်နေ့)** - ၁၉-၅-၂၀၂၃ရက်၊ နံနက် ၉:၃၀နာရီ ညနေ ၁၆:၀၀နာရီအထိ

(ဃ) **တင်ဒါစာအိတ်(A/B)လက်ခံခြင်းနှင့် တင်ဒါစာအိတ်(A/B)ဖွင့်ဖောက် စစ်ဆေးမည့်ရက်** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၇၁-၂၆၃၄၉၊၂၆၃၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း-၀၉-၀၇၁-၂၆၃၄၉၊၂၆၃၅၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၅၁

| | | |
|---|---|---|
| ဒေါ်မေဖူးအောင် | **နှင့်** | ၁။ ဦးအောင်လင်းထွဋ်<br>၂။ ဒေါ်တင်လေးနွယ် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၃၀)နေ (၁)တရားပြိုင် ဦးအောင်လင်းထွဋ်နှင့်(၂)တရားပြိုင် ဒေါ်တင်လေးနွယ် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ဝယ်ယူထားသည့် မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၃ခုနှစ် မေ ၅ ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း (မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၇)၊ (၁)ခန်းတည်း RC(၈)ထပ်ခွဲတိုက် အဆောက်အအုံ၏ သတ္တမထပ်(၈)လွှာ၊ ဧရိယာ(၁၁၀၄)စတုရန်းပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်ယုဇနဖြူဝင်း(၁၂/ပဇတ(နိုင်)၀၂၈၅၂၂)၊ ဒေါ်သီဂီ ညွန့် (၁၂/သလန(နိုင်)၀၇၆၈၃၁)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော၊ ဦးအောင်အောင် (၁၂/လမတ(နိုင်)၀၃၅၅၄၁)က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၉) တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးဇာနည်၊ အထက်တန်းရှေ့နေများ ဒေါ်နှင်းနှင်းထွေး၊ ဒေါ်အိအိမော်(ခ) ဒေါ်အိသဉ္ဇာအောင်တို့၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဗိုလ်ဆွန်ပတ်လမ်း အစား ဗိုလ်မြင့်ဆွေလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ သရက်ပင်ကျေးရွာနေ မပိုပိုချစ်၏ မိခင်အမည်မှာ ဒေါ်ခင်ပြုံးစိန်(ခ)ဒေါ်ပြုံးဟု အမည် နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**မပိုပိုချစ်**
**၉/ရမသ(နိုင်)၂၄၈၆၇၆**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည် (ပန်းဆိုးတန်းရပ်)၊ ဦးပိုင်အမှတ် (၃၂က)၊ ဧရိယာ(၀ဒသ၀၃၅)ကေကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးစိုင်းကိုကိုမှ လျှောက် ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်သူရှိပါက ၂၀၂၃ခုနှစ်၊ မေလ ၆ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးမှူး**
**မြို့နယ်လယ်ယာမြေ**
**စီမံခန့်ခွဲရေးနှင့်စာရင်းအင်း**
**ဦးစီးဌာန**
**ရွှေဘိုမြို့**

## အမည်မှန်

ထီးချိုင့်မြို့၊ အမှတ်(၃) ရပ်ကွက်နေ ဦးမျိုးချစ်၏ အမည်မှန်မှာ ဦးမျိုးမျိုး ၅/ထခန(နိုင်)၀၄၇၉၉၉ ဖြစ်ပြီး ၎င်း၏သားဖြစ်သူ မောင်ဂူးဂူး၏ အမည်မှန်မှာ မောင်စွမ်းရည်ထက် ၅/ထခန(နိုင်)၁၂၀၀၄၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဖြိုးဝေ ၅/မရန(နိုင်)၃၂၂၃၀၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၈၀၈၁၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်သင်းဝေ ၅/ဒပယ(နိုင်)၁၄၉၆၀၆၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၀၅၂၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/56157, Lucky one 125 ယာဉ်လက်ဝယ်ရှိသူ ဦးထန်မွမ်းတွေခင် ၄/တဇန(နိုင်) ၀၂၀၀၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနမကလေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8406, Hundai Grand Starex ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၅/မလန(နိုင်) ၀၀၁၄၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနမကလေး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့ (၁၀)
## ချင်းပြည်နယ်၊ဟားခါးမြို့
## တင်ဒါအမှတ်စဉ်-(၁ / ၂၀၂၃-၂၀၂၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်/ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခြင်းတင်ဒါနှင့် လုပ်ငန်းခွင်အရောက်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀၂၃ ခုနှစ် ဧပြီ ၁၈ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၀၂၃ ခုနှစ် ဧပြီ ၂၈ ရက် ညနေ ၁၆:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။
**တင်ဒါဖွင့်မည့်နေရာ** - ထပ်မံကြေညာပါမည်။

တင်ဒါလျှောက်လွှာပုံစံများကို ဟားခါးမြို့၊ လမ်းအထူးအဖွဲ့ (၁၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၉-၄၄၃၀၅၃၇၃၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၁၂/ သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ မြေကွက်အမှတ် (ဥသ-၂၁၅၈)၊ ဒေါ်ရှုရီ ၁၂/အစန(နိုင်)၀၉၉၄၃၂ (ဘ)ဦးသောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းမိုးလွင် ၉/မလန(နိုင်)၁၇၄၂၁၆ (ဘ)ဦးခင်မောင်စန်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၅၄/၂၀၂၂ (၂၀-၇-၂၀၂၂) တင်ပြ၍ ဦးဖြိုးသော်ဇင် ၁/မညန(နိုင်)၁၂၆၅၃၆ (ဘ)ဦးဝင်းမြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေနှင့်အိမ် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(ယခင်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၁)လမ်း၊ မြေကွက်အမှတ်(၉၃/က)၊ (အလျား ၁၀ ပေ x အနံ ပေ ၆၀) ရှိသော မြေနှင့်အိမ်၊ မြေချပါမစ်မြေ၊ မြေအမည်ပေါက်-ဒေါ်ကြင်မြထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျော့ကျော့နု ၁၁/ကဖန(နိုင်)၀၀၁၁၂၁ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)**
**ရုံးအမှတ်(၉၀/A)၊ မြေညီထပ်၊ (၁၅၇)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၆၅၀၆၅**

## ဦးဇော်ကို (၅/မမတ(နိုင်)၀၆၆၆၇၅နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ Myanmar Golden Byter Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာနေ ဦးဇော်ကို (ဘ)ဦးလှလေး ၅/မမတ(နိုင်)၀၆၆၆၇၅ (ယခုနေရပ်လိပ်စာမသိသူ) သိစေအပ်သည်မှာ-

လူကြီးမင်းသည် စိုက်ပျိုးရေးဆေးပစ္စည်းများ ရောင်းချရန်အလို့ငှာ ကုမ္ပဏီ၏ (တိုင်း)မန်နေဂျာရာထူးဖြင့် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း၊ လူကြီးမင်းသည် ကုမ္ပဏီ၏လုပ်ငန်းတာဝန်များ လုပ်ကိုင်ခြင်းမရှိတော့ဘဲ ပျက်ကွက်ခဲ့သည့်အပြင် ကုမ္ပဏီနှင့် ကိုယ်စားလှယ်များအကြား ကြွေးကျန်ကိစ္စများကိုလည်းကောင်း၊ လူကြီးမင်းကိုယ်တိုင် ပေးသွင်းရန်ရှိသည့် ကုမ္ပဏီပိုင်ငွေများကိုလည်းကောင်း လာရောက်ရှင်းလင်းပေးပါရန် လူကြီးမင်းအား အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းသည် ယခင်နေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိတော့သဖြင့် ဆက်သွယ်၍မရတော့ကြောင်း ညွှန်ကြားချက်အရ သိရှိခဲ့ရပါသည်။ ထို့အပြင် ကုမ္ပဏီက လူကြီးမင်းထံအပ်နှံထားသည့် လုပ်ငန်းသုံး ဆိုင်ကယ်(၃)စီး (SGG-79W/99874၊ SGG-79W/99824၊ SGG-79W/ 99812) ကိုလည်း ပြန်လည်အပ်နှံခြင်းမရှိသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကုမ္ပဏီသို့ပြန်လည်အပ်နှံပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။ လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထက်ပါ ဆိုင်ကယ်(၃)စီးသည် မိမိ၏မိတ်ဆွေ ကုမ္ပဏီကပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်သဖြင့် တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်းစသည့် တစ်နည်းနည်း လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ဖခင်အမည်မှန် တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ခိုင်ဝါကျော် ၁၂/ပဇတ (နိုင်)၀၄၀၁၂၆ ၏ ဖခင်အမည်မှာ (၁၀)တန်းအောင်လက်မှတ်၊ ဥပဒေဘွဲ့လက်မှတ်တို့တွင် ဦးမြင့်သိန်းဟု ဖော်ပြထားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် သန်းခေါင်စာရင်းတို့တွင် အဗ္ဗဒူနာဇီ(ခ)ဦးမြင့်သိန်းဟု ဖော်ပြထား၍ ဖခင်အမည်မှာ (၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာဖြစ်ပါသည်။ **အဗ္ဗဒူနာဇီ(ခ)ဦးမြင့်သိန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3782 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၈ ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂)၊ အုတ်ကျုပ်တန်းတောင်အကွက်၊ ဦးပိုင်အမှတ်(၂၀/ခ)၊ ဧရိယာ ၀ ဒသမ ၀၁၂ ဧကနှင့် ဦးပိုင်(၉၄/ခ)၊ ဧရိယာ ၀ ဒသမ ၀၁၄ ဧကရှိ ဦးဇော်ဝင်းနိုင် အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ရန်ကုန်-မန္တလေးကားလမ်း၊ အနောက်-ကျုံးပတ်လမ်း၊ တောင်-ဦးပိုင်(၂၀/ဃ)၊ မြောက်-ဦးပိုင်(၂၀/က+၉၄/ခ)အတွင်းရှိ ဘိုးဘွားပိုင် ခြံမြေကွက်ကို ဒေါ်နွေလွင်ထွေး အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၅-၄-၂၀၂၃ ရက် မှ ၆-၅-၂၀၂၃ ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့၊ သာစည်ကျေးရွာနေ မယဉ်မော်ဦး ၉/လဝန(နိုင်)၃၀၆၂၀၈ ၏ ဖခင်အမည်မှာ ဦးသန်းကြိုင်(ခ) ဦးမြင့်လှိုင်ဟု အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မယဉ်မော်ဦး ၉/လဝန(နိုင်)၃၀၆၂၀၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုတာအိုမြို့၊ မုံဒုံ(၁)ရပ်ကွက်နေ မစွံ့ခမ်းကစ် ၁/ပတအ(နိုင်) ၀၆၉၄၇၀၏ မိခင်အမည်မှာ ဒေါ်စွံ့ဖလ(ခ)ဒေါ်စွံ့ဖာလဟု အမည်နှစ်မျိုးကွဲလွဲ နေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စွံ့ဖလ(ခ)ဒေါ်စွံ့ဖာလ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မချမ်းဘောမြို့နယ်၊ နမ်ခမ်ကျေးရွာနေ ခေါင်လန်မုံဆားရဲ ၁/မခဘ (နိုင်)၀၁၃၂၇၃၏ မိခင်အမည်မှာ ဒေါ်နန်းဝေမေရင်(ခ)ဒေါ်နန်းဝိုင်မေရင်ဟု အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နန်းဝေမေရင်(ခ) ဒေါ်နန်းဝိုင်မေရင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့၊ ကြက်သွန်ခင်းကျေးရွာနေ မသွယ်သွယ်နိုင် ၉/တကန(နိုင်)၂၄၆၄၄၅ ၏ မိခင်အမည်မှာ ဒေါ်အိဖြူ(ခ)ဒေါ်အိအိဖြူဟု အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အိဖြူ(ခ)ဒေါ်အိအိဖြူ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၇)လမ်း၊ မြေကွက်အမှတ်(၈၁၅)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးမိုးကျော်သူ ၁၂/ဥကတ(နိုင်)၁၃၃၄၁၁ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမိုးကျော်သူ၏ကိုယ်စား (မိခင်) ဒေါ်စောမြင့် ၁၂/ဥကတ(နိုင်)၀၇၄၂၆၈က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ခိုင်စိုး ၁၂/ဥကတ(နိုင်)၁၄၇၆၄၃ နှင့် ဒေါ်ပွင့်ဖြူစင်အောင် (၁၀/လမန(နိုင်)၀၀၂၃၃၀)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ လိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ရွှေသီရိ(၂)လမ်း၊ မြေကွက်အမှတ်(၅၄)၊ အလျားအနံ (၄၅/၄၇x၆၄)ပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်အား ဂရန်အမည်ပေါက် ဒေါ်နန့်ဟီလားထံမှ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ပြည့်ပြည့်ဖြိုး ၁၂/ဒဂန(နိုင်)၀၂၇၁၃၂ မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီးနောက် အဆိုပါမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်းမြေကွက်ဖြစ်သည့် အမှတ်(၅၄/ခ)၊ မြေကွက်ပေါ်ရှိ (၂၂x၆၄)ပေ၊ နှစ်(၆၀)ဂရန်မိတ္တူခြမ်း မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်မိတ္တူဖြင့်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးစောမင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဥ-၅၀၁၂)၊ အကျယ်အဝန်း ပေ(၁၀၀ x ၁၀၀) ၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဂရန်မြေကွက်၏ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဦးကျော်ဌေး (ဘ)ဦးအုန်းမောင် ၅/ရဥန(နိုင်)၀၁၇၇၁၇ မှ ဒေါ်ဝိုင်းနန္ဒာဇော် (ဘ)ဦးကျော်မိုးဇော် ၉/ပမန (နိုင်) ၁၅၈၄၈၉ ထံသို့ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၂၆-၉-၂၀၂၂ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၈၁/၂၀၂၂)အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွာတော်ဈေး၊ ပုဗ္ဗသီရိမြို့**
**ဖုန်း- ၀၉-၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်အမှတ်(၁၀/၁၂)၊ အခန်းအမှတ်(၇၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးကြွယ် ၁၂/ပဇတ(နိုင်)၀၄၅၈၂၃ ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်မူနီး ၁၂/ရပသ(နိုင်)၀၄၄၈၂၅ က ဒေါ်ခင်အေးကြွယ် အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ အိမ်နံပါတ်(၃၅၆)၊ ဗညားဒလလမ်း၊ ဦးတိုးတိုးအောင်-ဒေါ်ထိပ်တင်လီလီလွင်တို့၏သား မောင်ကျော်ဇော်လင်း ၁၂/တမန(နိုင်)၁၁၁၂၁၉ သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူလုပ်ကိုင်သွားပါသဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့ကို မိခင်နှင့် လုံးဝသက်ဆိုင်တော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးတိုးအောင်-ဒေါ်ထိပ်တင်လီလီလွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရေတွင်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဝင်းသူဇာအရောင်းဆိုင်(စစ်တွေ)၏ အဆောက်အဦ(၇၅' ၉"x၃၆'x၂၀') အုတ်ညှပ် (၂)ထပ်(၁)လုံး၊ (၂၅'x၁၀'x၁၁')သိုလှောင်ရုံ (၁)လုံးတို့အား အောက်ပါအတိုင်း တင်ဒါခေါ်ယူ ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၉-၄-၂၀၂၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၈-၅-၂၀၂၃ရက်၊ (၁၆:၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

(က) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၄၇
(ခ) ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စစ်တွေမြို့၊ တက္ကသိုလ် ရိပ်သာလမ်း၊ တက္ကသိုလ်ဆရာများ(၄)ထပ်ဆောင်ရုံးရှေ့၊ ဖုန်း-၀၄၃-၂၃၇၉၃

**တင်ဒါလက်ခံရေးကော်မတီ**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဥ-၅၀၁၉)၊ အကျယ်အဝန်း ပေ(၁၀၀ x ၁၀၀) ၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဂရန်မြေကွက်၏ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဦးကျော်ဌေး (ဘ)ဦးအုန်းမောင် ၅/ရဥန(နိုင်)၀၁၇၇၁၇ မှ ဦးအောင်သိန်း (ဘ)ဦးဟိုချူး (ခ)ဦးသိန်းကြည် ၁၂/ဗတထ(နိုင်)၀၁၂၈၄၃ ထံသို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၆-၉-၂၀၂၂ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၈၃/၂၀၂၂)အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွာတော်ဈေး၊ ပုဗ္ဗသီရိမြို့**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃၂၆

| | |
|---|---|
| မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီ **နှင့်** | ၁။ဒေါ်တင်ကြည် |
| (၎င်း၏ကိုယ်စား ဦးသက်ကိုအောင်) | ၂။ ဒေါ်ဝင်းအောင်ကြည် |
| **တရားလို** | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၅၄)၊ (၈)လမ်း၊ (၂)ရပ်ကွက်နေ တရားပြိုင်ဖြစ်သည့် (၁) ဒေါ်တင်တင်ကြည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်-၁၀၆၁၇၅၀၀/-၊ နစ်နာကြေးငွေ-၃၀၀၀၀၀၀/-နှင့် စုစုပေါင်း-၁၃၆၁၇၅၀၀/-အား ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မေ ၂၅ရက် (၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် (၃က)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကအား ဒေါ်ခင်မျိုးဝင်း (ဘ)ဦးငြိမ်း ၉/တကန(နိုင်)၀၀၅၇၅၄ မှပိုင်ဆိုင် ကြောင်းကျမ်းကျိန်လွှာအမှတ် (၃၀၉/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီးမြေငှားစာချုပ် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကောင်းမြို့၊ ပင်ဘော ကျေးရွာနေ မမြတ်ရွှေစင် ၁/မကတ (နိုင်)၁၄၇၀၆၁ ၏ ဖခင်အမည်မှာ ဦးလှထွန်း (ခ) ဦးလှကွန်း၊ မိခင်အမည်မှန်မှာ ဒေါ်ယဉ်သောင်း (ခ) ဒေါ်ရင်သောင်းဟု အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦး တည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပူတာအိုမြို့၊ ပူတောင်းကျေးရွာနေ မမြမြချို ၁/ပတအ(နိုင်)၀၆၇၈၆၇ ၏ဖခင်အမည်မှာ ဦးခွန်ဦး (ခ) ဦးစောနွဲ့ခွန်ဦး၊ မိခင်အမည်မှာ ဒေါ်ပန်းရွှေ (ခ) ဒေါ်စွဲ့ပန်းရွှေ ဟု အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းလှမြို့၊ မယ်ဇလီတော ကျေးရွာနေ မရွှန်းလဲ့ဝေ ၈/မလန (နိုင်)၁၃၁၅၃၁ ၏ မိခင်အမည်မှာ ဒေါ်အေးကြူ (ခ)ဒေါ်အေးအေးကြူ ဟု အမည်နှစ်မျိုးကွဲလွဲနေသော် လည်း တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဒေါ်အေးကြူ(ခ)**
**ဒေါ်အေးအေးကြူ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပင်မြို့၊ မြကျွန်းသာရပ်ကွက် နေ မနှင်းပွင့်ဇော် ၁/ဟပန (နိုင်) ၀၁၉၈၂၅ ၏မိခင်အမည်မှာ ဒေါ်အေးအေးဝင်း (ခ)ဒေါ်အေး ဝင်းမှာ အမည်နှစ်မျိုး ကွဲလွဲ နေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးဝင်း(ခ)ဒေါ်အေးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1055 Honda Fit GE6 Hatch Back (4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ငြိမ်းအေးသူ ၁၂/ကမတ(နိုင်)၀၆၅၈၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7782 Top Light Truck Co.,Ltd p/u(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၂/ရကန(နိုင်)၀၄၂၄၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၁၅ အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၁၄၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးစောဖိုးချစ် ၃/ဘသဆ(နိုင်)၀၃၄၀၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံးမှ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီ တိုင်းဒေသကြီး အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း၊ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းနှင့် ပစ္စည်း ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည် -

(က) **တင်ဒါလျှောက်လွှာစတင်** - ၁၉-၄-၂၀၂၃ရက်မှ
**ရောင်းချမည့်ရက်** ၁၇-၅-၂၀၂၃ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၅-၂၀၂၃ရက်မှ
၁၉-၅-၂၀၂၃ရက်၊ ၁၄:၀၀နာရီထိ
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၅-၂၀၂၃ရက် ၁၄:၀၀နာရီထိ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များအား ရုံးချိန် အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ** - ၀၄၂-၂၄၅၅၂(အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၉၈၁(ဘဏ္ဍာရေးဌာန)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၂၃၁)၊ အကျယ်အဝန်း ပေ(၄၂'x၆၀')၊ဧရိယာစတုရန်းပေ ၂၅၂၀၊ ဧက ၀ ဒသမ ၀၅၈ရှိ နှစ်(၆၀)ဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အား မျက်နှာမူ ကြည့်လျှင် (ဘယ်ဘက်ခြမ်း)၊ ပေ(၂၀x၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြမြေယာစာရင်းတွင် ဒေါ်ခင်ခင်ညွန့် ၁၂/ကမန(နိုင်)၀၉၈၂၃၈ အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးနိုင်အောင် ၁၂/လမန (နိုင်)၀၀၀၂၉၇ မှ ပြောကြားရာ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူ ရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းလွင် ၁၂/အလန(နိုင်)၀၀၁၇၇၄**
**ဖုန်း-၀၉-၇၆၄၇၃၄၂၂၁၊ ၀၉-၇၉၈၀၂၉၈၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေကွက် အမှတ် (ပ-၁၅၉၉)ဟုခေါ်တွင်သော အကျယ်အဝန်း ဧရိယာပေ(၈၀x၈၀)၊ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်စန်းစန်း ၉/မရမ(နိုင်)၀၄၉၇၀၁ အမည်ပေါက်သည့် နှစ်(၃၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးလက်ရှိထားပိုင်ဆိုင် အကျိုး ခံစားလျက် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်နန်းဆိုင်ဟွမ် ၁၃/မပတ(နိုင်)၀၁၉၁၃၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းသဇင်ခမ်းအောင်(LL.B,D.I.P.L)** — **ဦးကျော်မင်းဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၉၃)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၃၇၂)**
**AGREE LAW FIRM CO.,LTD** — **ဖုန်း-၀၉ -၂၅၆၉၆၉၆၄**
**အမှတ်(ပ-၁၉၄)၊ အင်ကြင်းလမ်း၊ သပြေကုန်းရပ်ကွက်၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဆွန် ပက်လမ်း၊ အမှတ် (၁၇၉)ဟု ခေါ်တွင်သော (အလျား ပေ၄၁ x အနံ ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်နှင့် ပတ်သက်သော လျှပ်စစ်မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် မြေပိုင်ရှင် ဖြစ်သူ ဦးထွန်းရီ ၁၂/လကန (နိုင်) ၀၀၅၁၅၄ မှ မိမိသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး ၁၂/ဒဂတ(နိုင်)၀၂၁၀၆၂ က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ အား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာထွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ် ၄၄၂၁၃)**
**အမှတ်(၈၆၁)၊ စာဂ(၁၅)လမ်း၊ (၄) ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၉၅၈၀၉၄၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာ၊ ရေလယ်စု ရပ်ကွက်ဟုခေါ်တွင်သော အလျား(၇၅)ပေ x အနံ(၅၀)ပေရှိ ဥယျာဉ်ခြံမြေ အမျိုးအစား၊ မြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးရှိမင် (ဘ) ဦးသန်းထွဋ်ဦး ၁၂/ဥကတ (နိုင်)၀၀၉၄၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မေအုန်း ၉/ပမန (နိုင်) ၀၆၂၇၉၉ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသင်းမြတ်ဆန်း(LL.B)(စဉ်-၁၁၈၈၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆၄/ခ)၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ -၄၅၀၀၂၇၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပ လမ်း၊ အမှတ် (၈၃)ဟုခေါ်တွင်သော (အလျား ပေ ၄၀ x အနံ ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်နှင့် ပတ်သက်သော လျှပ်စစ်မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းအေး ၁၂/ဒဂတ(နိုင်)၀၂၁၀၆၂ မှ မိမိသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသူရ ၁၂/ဥကမ (နိုင်) ၁၈၃၃၇၇ က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာထွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ် -၄၄၂၁၃)**
**အမှတ် (၈၆၁)၊ စာဂ (၁၅)လမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၉၅၈၀၉၄၁၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ဟွေခါးကျေးရွာနေ ကျွန်တော် ဦးဝင်းတင် ၁၃/ကတန (နိုင်) ၀၀၆၁၁၉၏ သား မောင်ငယ်လင်းထူး ၁၃/ကတန(နိုင်) ၁၂၅၂၂၈ သည် မိဘ၏ဆုံးမစကားများအား နားထောင်လိုက်နာခြင်းမရှိဘဲ မိတ်ဆွေအပေါင်းအသင်းများထံမှ နည်းအမျိုးမျိုးဖြင့် ငွေကြေးများ လိမ်လည်လျက် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် ကျွန်တော်တို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းတင် ၁၃/ကတန(နိုင်)၀၀၆၁၁၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ အမှတ်(၅၉)၊ မောင်ကလေးလမ်း၊ အရှေ့ရှမ်းကုန်းရပ်၊ ဒိုင်းဝန်ကွင်းရပ်နေ (ဘ) ဦးငွေဆန်း ၁၀/မလမ(နိုင်)၀၀၆၂၄၆ ၏ သမီးဖြစ်သူ မခင်ဇာဇာလွင် ၁၀/မလမ(နိုင်)၂၁၆၂၄၄သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

**ဦးငွေဆန်း-ဒေါ်နီနီလွင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်(၉၆၉/ခ)၊ အခန်းအမှတ်(အေ-၂)တိုက်အား မျက်နှာမူလျှင် ညာဘက်အခြမ်း (ခေါင်းရင်းခန်း)အကျယ်အဝန်း (၁၅ ပေ x ၅၄ ပေ)ရှိသော ပထမထပ်၊ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးဘုန်းမြင့်မောင် ၁၂/သကတ (နိုင်)၂၁၈၃၃၉ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက် အထားစာချုပ်စာတမ်း များနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇/၂၀-၁-၂၀၂၁)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉၅၇၃၀၉၅၁**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော (၂၀၂၃ခုနှစ်၊ မေလအတွက်)ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံ ဒီဇယ်ဆီ (Premium High Speed Diesel)နှင့် ဓာတ်ဆီ (Octane-92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၁-၅-၂၀၂၃ရက်၊ (၁၃:၀၀)နာရီနောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟို ပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၂၁-၄-၂၀၂၃) ရက်နေ့မှစ၍ ၉-၅-၂၀၂၃ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါ ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၃၀နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ အမှတ်(၆၅) ဟုခေါ်တွင်သော Underground Car Parking)ပါ (၈ ထပ်ခွဲကွန်ဒိုအဆောက်အအုံ၏ 4th Floorမှ "G" Type (1540Sqft) အကျယ်အဝန်းရှိ ရေ၊ မီးအစုံနှင့် ယင်းတွင်တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ပါ ကွန်ဒိုတိုက်ခန်း(၁)ခန်း ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်သူများ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ဖော်ပြပါကွန်ဒိုတိုက်ခန်းသည် မြေပိုင်ရှင်/ကန်ထရိုက်တာ ဦးကျော်သက်ဦး ထံမှ ၈-၉-၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ (၁) ဦးနေမျိုးနိုင် ၁/မညန(နိုင်) ၀၂၈၃၆၆၊ (၂) ဒေါ်ငွေငွေဝင်း ၁/ကမန(နိုင်)၀၀၀၀၆၅ တို့က အပြီးအပိုင်လက်ရောက်ရရှိ ဝယ်ယူ ပိုင်ဆိုင်ထားပါသည်။

၂။ အထက်ပါကွန်ဒိုတိုက်ခန်းအား မြေပိုင်ရှင်/ ကန်ထရိုက်တာ ဦးကျော် သက်ဦးထံမှ ဝယ်ယူထားသော (၈-၉-၂၀၁၆)ရက်စွဲပါ နှစ်ဦးသဘောတူကွန်ဒို တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ဆက်စပ်စာရွက် စာတမ်းမိတ္တူမှန်များနှင့်တကွ ယခုလက်ဝယ်ထားရှိပိုင်ဆိုင်ကာ၎င်းတို့တွင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးနေမျိုးနိုင်က အပြီးအပိုင် လက်ရောက်ပေးအပ်လွှဲပြောင်း ရောင်းချလိုကြောင်း စကားကမ်းလှမ်းချက် အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ လက်ခံသဘောတူခဲ့ပြီးဖြစ်၍ အရောင်းအဝယ် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ၅-၄-၂၀၂၃ရက်က ပေးချေထားပြီး ဖြစ်ပါသည်။

၃။ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စအတွက် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)အထောက်အထား များနှင့်တကွ ယခုကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဥ္ဇာဝင်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈)**
**အမှတ်-၃၅၊ ၃-လွှာ(ယာ)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၂၃၁၆၂**

## အများသိစေရန်

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့၊ ကံမော်ကျေးရွာနေ ဦးဆွေပိုင် ၆/ကစန(နိုင်)၀၇၃၆၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဦးဆွေပိုင်နှင့် ဒေါ်အိအိသွယ်အောင် ၁၂/ဗဟန(နိုင်) ၂၃၈၅၅၅တို့သည် လင်မယားအဖြစ်မှ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြ ပါသဖြင့် ကျောက်တံတားခရိုင်တရားရုံးတော်၌ ၁၈-၄-၂၀၂၃ရက်တွင် နှစ်ဦး သဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်မှတ်ပုံတင် အမှတ်(၅၇/၂၀၂၃)အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်နှင့် ဒေါ်အိအိသွယ်အောင်တို့မှာ တစ်ဦးနှင့် တစ်ဦး လုံးဝပတ်သက်ဆက်နွှယ်ခြင်းမရှိပါကြောင်းနှင့် ၎င်း၏လူမှုရေး ကိုယ်ရေး ကိုယ်တာကိစ္စအဝဝသည် ကျွန်ုပ်၏အမှုသည်နှင့်မပတ်သက်တော့ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါရန်)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်သူရထွန်း၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်သူရထွန်း ၁၂/ဥကတ(နိုင်)၁၈၀၁၉၅နှင့် ၎င်း၏ မိတ်ဆွေများ အချင်းချင်းကြား အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စကားများ ပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်စော်ကားစေသည့် စာသားများအား Facebook, Messenger, Viber, စသည့်လူမှု ကွန်ရက်များ၌ Post များတင်ခြင်း၊ စာသားများဖြန့်ဝေခြင်းများပြုလုပ် ဆောင်ရွက်မည်ဆိုပါက ဆောင်ရွက်သူမည်သူကိုမဆို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ LL.B, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၉)**
**Thazin & Associates Law Firm**
**အမှတ်(၂၃)၊ အာသာဝတီ(၃)လမ်း၊ ၂ ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၉၁၆၉၅၇၈၈**

## အများသိစေရန်

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးသိန်းတန်၊ ဒေါ်မေကြည်ဦး၊ ဒေါ်ခိုင်ယဉ်မင်းဟန်၊ ဒေါ်ဇင်ယဉ်မင်းဟန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မိဘများဖြစ်ကြသော ကွယ်လွန်သူ (အဘ)ဦးကျော်စိန်၊ (အမိ)ဒေါ်လေးမေတို့တွင် ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ဆွေဆွေမြင့်၊ ဦးမင်းဟန်၊ ဦးသိန်းတန်ဟူသော သားသမီး(၄)ဦး မွေးဖွားခဲ့ပါသည်။ မိဘများကွယ်လွန်ချိန်တွင် အမွေပုံပစ္စည်းအဖြစ် သံတွဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၈)၊ အောက်နံတော်ပြင်၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ (၀.၂၆၂) ဧက၊ အိမ်အမှတ် (၁၄၀)ဟု ခေါ်တွင်သောမြေနှင့် မြေပေါ်ရှိ သွပ်မိုး (၂)ထပ်တိုက်အိမ်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ ကျန်ရှိခဲ့ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ သွေးသားရင်းချာ မိသားစုဝင်များမှ အမွေပုံစီမံမှုပြုလုပ်ရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

သို့ပါသောကြောင့် အဆိုပါအမွေဆိုင်ပစ္စည်းများနှင့် ပတ်သက်၍ ဦးသိန်းတန်၊ ဒေါ်မေကြည်ဦး၊ ဒေါ်ခိုင်ယဉ်မင်းဟန်၊ ဒေါ်ဇင်ယဉ်မင်းဟန်တို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တနည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မည်သူမျှပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူဥ**
**LL.B, DBL, DML, DIR, DIL**
**Diploma in English, C.A.E.S, C.B.D.S, WIPO (Switzerland)၊ Master of Business Law (M.B.L)**
**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေဆိုင်ရာအကြံပေး(စဉ်-၁၃၅၃၁)**
**ရုံးခန်းအမှတ်(၈)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉၅၁၃၉၁၅၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁၀)လမ်း၊ အမှတ်-(၈၄၈/ခ) ဟုခေါ်တွင်သည့် အကျယ်အဝန်း အလျား ၅၂ပေxအနံ၁၈ပေ၊ ဧရိယာ ၉၃၆စတုရန်းပေရှိ ပထမထပ် (မြေညီထပ်အပေါ်) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ပစ္စည်းအားလုံးတို့၏ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးအံ့ချို ၁၂/မရက(နိုင်)၁၃၁၈၆၈နှင့် ဒေါ်ခင်မြတ်မြတ် ၁၂/သကတ(နိုင်)၁၆၁၉၅၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ဦးအံ့ချိုသို့ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဦးအံ့ချိုနှင့် ဒေါ်ခင်မြတ်မြတ်တို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၃၈)**
**အမှတ်(၂၉)၊ တတိယထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၀၅၄၄၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7882 Toyota Wish ZNE W Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှ ၁၂/ဒဂန(နိုင်)၀၀၅၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၂၂ ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂)၊ ပန်းဘဲအရှေ့အကွက်၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ၀ ဒသမ ၀၈၅ဧကရှိ ဦးကနယား အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-ရန်ကုန်-မန္တလေး ကားလမ်း၊ အနောက်-အမက (ထီးနီကုန်း)၊ တောင်-ဦးပိုင်(၂၇)၊ မြောက်-ချစ်တီးဘုရားကျောင်းအတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဒေါ်ပါ(ရ်)ပါသီး အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၅-၄-၂၀၂၃ ရက် မှ ၆-၅-၂၀၂၃ရက် အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထား များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ဦးပိုင်အမှတ် ၇၈^က/၇ ၊ ပိုင်ဆိုင်ခွင့်(L)မြေမျိုးနှင့် အတန်းမြို့မြေ ဧရိယာ ၀ ဒသမ ၇၉၀ ထဲမှ အိမ်ရှေ့မျက်နှာစာ ၅၈ပေ၊ အိမ်အနောက် ၅၈ပေ၊ အရှေ့အနောက် ၁၃ပေ ၊ ပေ(၅၈x ၅၈x ၁၃x၁၃) အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်မြင့် ၇/လပတ(နိုင်)၁၅၅၈၅၂ ထံမှ ဝယ်ယူရန်အတွက် အပိုင်ဝယ်ယူသူ ဦးကိုကိုဒွေး ၇/နတလ(နိုင်)၁၄၄၅၉၄ ၊ ဒေါ်မေတ္တာမွန် ၇/လပတ(နိုင်)၁၆၅၄၂၈ တို့သည် ၁၃-၄-၂၀၂၃ရက် တွင် တစ်လုံးတစ်ခဲတည်း အပြေအကျေ ပေးချေကာ အပိုင်ဝယ်ယူပြီးနောက် ထိုရက်တွင် လက်ရောက်ရရှိကာ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်နေထိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၄/၁၇)**
**LL.B, Dip. in Eng, D.L -101 W.I.P.O (Switzerland)**
**မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး(မြောက်))၊ လူနေရပ်ကွက်အမှတ်(ကြီးပွားရေး)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၁၁၀/ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦမှအခန်းအမှတ်-၂ (ပထမထပ်၊ ၂-လွှာ) အကျယ်အဝန်း (၁၈ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ် တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိလက်ဝယ် တရားဝင်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ရီရီဝင်း ၁၂/လကန(နိုင်)၀၀၂၁၈၄ မှ မိမိသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာလင်း အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)**
**အမှတ်-၄၇၄/က၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၂၂၃၀၆၀**

## ကန့် ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၃/၂၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/စီ)၊ မြေကွက်အမှတ်-(၁၆ဒီ/၆) မြေကွက်ပေါ်တွင်တည်ဆောက်ထားသော Basement+ ၈ ၁/၂ ထပ်အဆောက်အအုံ ၏(၇)လွှာတွင်တည်ရှိသော အခန်းအမှတ်(7B)၊ အခန်းဧရိယာ(၁၄၈၂)စတုရန်းပေအကျယ်အဝန်းရှိသော တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်မေသူကျော် ၉/အမဇ(နိုင်)၀၀၁၁၈၁ထံမှတရားဝင်ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းများနှင့် တကွ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇/၂၀- ၁- ၂၀၂၁)**
**ကွန်ဒို(ဘီ)၊အခန်း(၃၀၁)၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၉ ၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## စာအုပ်စာပေ

## လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့် ကွန်ဒိုအဆောက်အအုံရှိ တိုက်အမှတ်-(၉အေ)၊ (၀၂)လွှာ၊ အခန်းအမှတ်-(#-၂၀၄)၊ အကျယ်အဝန်း-(၁၁၈၄)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (Owner Book)တွင်အမည်ပေါက်ပြီး တရားဝင်ပိုင်ဆိုင်ကြောင်း၊ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးလှိုင်မျိုးထွန်း ၁၂/မရက(နိုင်)၁၂၁၃၄၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ၎င်း၏ကိုယ်စားလှယ်သမီးဖြစ်သူ မခင်ငြိမ်းချမ်းစု ၁၂/မရက(နိုင်)၁၃၉၁၁၄ထံသို့ ရောင်းကြေးတန်ဖိုး ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မျိုးထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** | **ဒေါ်မေဝင်းမော်(LL.B)** |
| **စဉ်-၁၁၄၄၅/၂၀၁၆** | **စဉ်-၁၃၇၂၈/၂၀၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်(၇၂)၊ (၅လွှာ/အေ)ဝဲဘက်၊ အကျယ်အဝန်းပေ(၁၅x၇၅)၊တိုက်ခန်းအကျိုးခံစားခွင့်အားလုံးတို့သည် ဒေါ်နန်းအိအိအောင် ၁၃/လရန(နိုင်)၁၀၀၄၃၆ မှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိလာခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူပြီး တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ယခုကြေညာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင်(လိုင်စင်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၃)လမ်း၊ တိုက်အမှတ်(၈၀) မြေတိုင်းရပ်ကွက်အမှတ်-၂၆^F5၊ မြေကွက်အမှတ်(၈၉)၊ ခြောက်ထပ်တိုက်၊ (၆လွှာ-အေ)၊ (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော (၁၂ ၁/၂ x၅၀)ပေ အကျယ်အဝန်းရှိ၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနှင့်တိုက်ခန်းပိုင်ရှင် ဒေါ်စန်းရီမှရောင်းချ၍ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လာသူ ဦးခိုင်ဇော်မိုး (ဘ) ဦးကျော်ဝေ ၁၂/ခရန(နိုင်)၁၂၇၁၀၄ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွဋ် (LL.B) အထက်တန်းရှေ့နေ-၂၄၅၂၈**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၄၄၁၁၁၇၅**

## မီးဘေးရှောင် မလောင်ခင်တား

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ်(ဒ-၆၁၆၇)နှင့်(ဒ-၆၁၆၈)၊ အကျယ်အဝန်း (၆၀ x ၆၀)ပေစီ ကျယ်ဝန်းသော မြေကွက်(၂)ကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးဝင်းခိုင်(ဘ) ဦးလှသိန်း ၁၂/မဘန(နိုင်) ၀၀၂၂၀၀ အမည်ဖြင့် ချထားပေးသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဝင်းခိုင်မှ ၎င်းသာလျှင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေများအား စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မြေပေးမိန့်/ဂရန်မူရင်း၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B,WIPO(Switzerland)** | **ဦးနိုင်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၃၉၄/၂၀၁၇)** | **(စဉ်-၄၁၆၄၆)** |

**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ပျဉ်းမနားမြို့၊**
**နေပြည်တော်၊ ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၉၇၇၀၄၄၅၇**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ် ဆောင်ရွက်သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ ကုမ္ပဏီထံမှလည်းကောင်း၊ ဌာနမှဝယ်ယူခွင့်ရရှိသူထံမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ်အမည်ပေါက်ထံမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်း လက်မှတ်အမည်ပေါက် ခင်ပွန်းကွယ်လွန်သဖြင့် ဇနီးအမည်ဖြင့်လည်းကောင်း၊ အမည်ပေါက်ထံမှ ဝယ်ယူခဲ့သူ နှစ်ဦးအနက် ခင်ပွန်းဖြစ်သူမှဇနီးသို့ စွန့်လွှတ်ခြင်းကတိစာချုပ်ဖြင့်လည်းကောင်း၊အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ ၎င်းတို့၏ အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဦးဌေးရှိန်<br>၁၂/ဒလန(နိုင်)၀၀၇၂၉၃ (မှ) | ဦးမျိုးခန့်ကိုကို<br>၁၂/သလန(နိုင်)၁၀၉၇၃၂ | တိုက်(F)၊ အခန်း(၀၄-၀၄)၊ ပုလဲကွန်ဒို အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၂။ | ဦးသက်ထွန်းမောင်<br>၁၂/ဥကမ(နိုင်)၀၂၀၀၁၂ (မှ) | ဦးမျိုးခန့်ကိုကို<br>၁၂/သလန(နိုင်)၁၀၉၇၃၂ | တိုက်(F)၊ အခန်း(၀၆-၀၄)၊ ပုလဲကွန်ဒို အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၃။ | ဒေါ်ဟေမာတင်နိုင်<br>၁၂/မဂတ(နိုင်)၀၇၅၀၇၉ | အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် | တိုက် (E)၊ အခန်း (၀၄-၀၂)၊ ပုလဲကွန်ဒို အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၄။ | ဦးသက်ဦး (ကွယ်လွန်)<br>၁၂/ကမတ(နိုင်)၀၀၈၄၁၀ (မှ) | ဒေါ်ကြည်ကြည်ဝင်း<br>၁၂/ကမတ(နိုင်)၀၁၄၅၀၄ | တိုက် (၁)၊ အခန်း (၃၃)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၅။ | ဦးထိန်လင်း<br>၁၂/ပဘတ(နိုင်)၀၀၀၄၄၇ (မှ) | ဒေါ်အိအိမိုး<br>၁၂/ကမတ(နိုင်)၀၅၂၄၂၂ | တိုက် (၂)၊ အခန်း (၅၀)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၆။ | ဦးစိုးငြိမ်း<br>၁၂/ကမတ(နိုင်)၀၄၇၁၉၂ (မှ)<br>ဦးအဟုန် ၆/မအရ(နိုင်)၀၀၈၀၂၀ (မှ) | ဒေါ်ကေခိုင်ထွန်း<br>၁၂/ကမတ(နိုင်)၀၈၁၈၆၉<br>ဒေါ်နှင်းနန္ဒာလှိုင်<br>၁၂/ကမတ(နိုင်)၀၉၄၀၄၁ | တိုက် (၁)၊ အခန်း (၅၇)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၇။ | ကန်ထရိုက်တာ ဦးကျော်သာ<br>၁၂/မဂတ(နိုင်)၀၇၉၇၄၂ (မှ)<br>ဦးအောင်သီဟ ၁၂/ပဘတ(နိုင်)၀၁၇၈၄၆ (မှ) | ဒေါ်အေးသီတာလင်း<br>၁၄/မမန(နိုင်)၀၀၂၇၉၈ | တိုက် (၁၅၁)၊ အခန်း (၇/တတိယထပ်)၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၈။ | ကန်ထရိုက်တာ ဦးသိန်းထိုက်ဦး<br>၁၂/ကတတ(နိုင်)၀၀၀၄၅၃ (မှ)<br>ဦးဆန်းယုအောင် ၉/ပဥလ(နိုင်)၀၃၀၀၆၁ (မှ) | ဒေါ်နှာလယ်<br>၁၃/တယန(နိုင်)၀၅၆၇၀၅ | တိုက် (၆၃/၆၇)၊ အခန်း (6D)၊ (၃)လမ်း၊ လမ်းမတော်မြို့နယ်။ |
| ၉။ | ကန်ထရိုက်တာ ဦးတင်မောင်ဝင်း (မှ)<br>၁၂/လမတ(နိုင်)၀၁၅၉၅၄ (မှ)<br>ဦးကျော်ထွန်း PBDN-၀၀၁၇၄၅ (မှ)<br>ဒေါ်ဝင်းဝင်းအေး ၁၂/မရက(နိုင်)၁၁၁၃၅၀ (မှ) | ဦးသက်နိုင်စိုး(ခ)မာမက်ရှက်<br>၁၂/မဂတ(နိုင်)၀၉၁၂၈၉ | တိုက် (၁၀၇)၊ အခန်း (၇/၄လွှာ(ဝဲ))၊ (၂၈)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၁၀။ | ဦးသန်းထိုက် ၁၂/မမန(နိုင်)၀၃၇၀၀၃ (မှ)<br>ဦးစည်သူအောင် ၁၂/စခန(နိုင်)၀၆၄၄၁၉<br>ဒေါ်နေရတနာစံ ၇/ပတတ(နိုင်)၁၀၁၃၀၀ (မှ) | ဒေါ်နေရတနာစံ<br>၇/ပတတ(နိုင်)၁၀၁၃၀၀ | တိုက် (A)၊ အခန်း (A-052)၊ စမ်းချောင်း အဆင့်မြင့်အိမ်ရာ၊ စမ်းချောင်းမြို့နယ်။ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ဘ၀နတ်ထံပျံလွန်တော်မူခြင်း
## ဆဋ္ဌသင်္ဂီတိဘာဏက ဆဋ္ဌသင်္ဂီတိကာရက
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
## မန္တလေးတိုင်းသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃသမ္မုတိရ
## သာသနဓဇသိရီပဝရဓမ္မာစရိယ
# ဘဒ္ဒန္တသုမန
### သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ထန်းပင်ရွာနေ ခမည်းတော်(ဦးဆိတ်)-မယ်တော်(ဒေါ်ညွန့်)တို့၏သား၊ ထန်းပင်တိုက်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမန သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၃)ဝါ သည် (၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ၁၆-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ရက်) ၂၀-၄-၂၀၂၃ရက် (ကြာသပတေးနေ့) တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠန အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်း ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ဆရာတော်၏ တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်သိန်းယု
### အသက် (၉၀)နှစ်

ဒေါ်မြင့်မြင့်ဆွေ (Head of Internal Audit Department, MPRL E&P Group of Companies)၏မိခင်ဖြစ်သူ ဒေါ်သိန်းယုသည် ၁၂-၄-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**MPRL E&P Group of Companies**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းအောင်
### အသက် (၇၈)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဒေါက်တာသန်းသူဇာ၏ဖခင် ဦးသန်းအောင်သည် ၁၆-၄-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းအောင်
### အသက် (၇၈)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခဒေါက်တာသန်းသူဇာ၏ဖခင် ဦးသန်းအောင် သည် ၁၆-၄-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းအောင်
### အသက် (၇၈)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဒေါက်တာသန်းသူဇာ၏ဖခင်၊ ဦးသန်းအောင် သည် ၁၆-၄-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန**
**EMBA–19th Batch (Online)**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဂန္ဓမာလမ်း၊ နယ်မြေ (၁၂)၊ ဖရဲတောင်ရွာ၊ အမှတ် ၁၃၈ နေ မမြစိမ်း ၁၃/တကန(နိုင်)၁၈၈၀၂၂ သည် မိဘများဖြစ်သော ဦးစန်းမောင်နှင့် ဒေါ်နန်းဝင်းတို့အား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူပြောဆိုသည့်အပြင် နေအိမ်မှ လည်း(၂)ကြိမ်ထက်မက ထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်ငွေနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမောင် ၁၃/တကန(နိုင်)၁၀၁၆၉၃**
**ဒေါ်နန်းဝင်း ၁၃/တကန(နိုင်) ၁၀၁၇၁၉**

---

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

---

# ဒေါ်သန်းသန်း(ပုသိမ်)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ တိုက်အမှတ်(၁၈၅)၊ မြေညီထပ်နေ (ဦးအောင်ကျော်ဖံ-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးလှခင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဇေယျာ-ဦးသူရ၊ ဦးကျော်ဇေယျ-ဒေါ်ခင်ဝင်းမာ၊ (ဒေါ်ခင်ဇေလှ)-ဦးသန့်ဇင်၊ (ဦးအောင်ဇေယျ)-ဒေါ်အေးမြင့်ရည်တို့၏ ချစ်လှစွာသော မိခင်၊ ပိုးဇာဖြူ၊ ကြာညိုဇင်၊ သီဟအောင်၊ ပြည့်ဆုအောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်သန်းသန်းသည် ၁၇-၄-၂၀၂၃ရက် (တနင်္လာနေ့) ည ၇:၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌ အိပ်ပျော်ခြင်း
# နော်ကယ်လစ်စတာမင်း
## ပါမောက္ခ(ငြိမ်း)ရုက္ခဗေဒဌာန
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်မင်းလမ်း၊ အမှတ် ၆၁နေ (ဦးရွှေမင်း-ဒေါ်စိန်ခြယ်)တို့၏သမီး၊ (ဦးလျှံကြွယ်)၏ချစ်လှစွာသောဇနီး၊ (ဦးစောဖရင့်ကလီ-နော်အယ်ဒီလာ)၏ညီမ၊ (ဒေါ်ဂျုံးအောင်သာ)၏ အစ်မ၊ (နော်အင်ဂျလီနာ)-ဦးမိုက်ကယ်စံဘို၊ ဦးချားဖရင့်ကလီ-ဒေါ်ဖရီဒါစိုးမြင့် တို့၏ အဒေါ် ဖြစ်သူသည် ၁၇-၄-၂၀၂၃ရက် ညနေ ၅:၂၀နာရီတွင် ခရစ်တော်၌ ဘုန်းတော်ဝင်စားပြီးဖြစ်ပါ၍ ၁၉-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဗိုလ်မှူး စိုးမြင့်(ငြိမ်း)
## ကြည်း-၁၁၆၉၁ D.S.A(၁၂)
### အသက်(၇၅)နှစ်

သူငယ်ချင်း ၁၁-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၂)**
**ကျောင်းဆင်းသူငယ်ချင်း မိသားစုများ**

---

## ဦးပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကညွှံရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ အကွက်အမည်-ကညွှံ၊ ဦးပိုင်အမှတ်(၃၆.ဃ)၊ မြေဧရိယာ(၀ဒသမ၀၇၁)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

- (က) အရှေ့လားသော်- ဒါနလမ်း
- (ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၃၆.က)
- (ဂ) တောင်လားသော်- သမဝါယမလမ်း
- (ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၃၆.ခ)

အထက်ဖော်ပြပါမြေကို ဦးပိုင်အမည်ပြောင်းပေးရန် ဒေါ်မြသန်းပါ(၇)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ မေလ ၅ ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ထားဝယ်မြို့**

---

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ကွင်းအမှတ် (၁၆၃၈-ရှမ်းစုကွင်း)၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ ၂.၉၁ ကေရှိယာမြေသည် ဦးအောင်နိုင်ထွေး(ဘ)ဦးအောင်လှ ၉/မဟမ(နိုင်)၀၅၅၀၀၀ အမည်ဖြင့် လယ်ယာမြေပုံစံ (၇) ထွက်ရှိထားသော ယာမြေဖြစ်ပါသည်။ အဆိုပါ ယာမြေအား ပိုင်ရှင်ဖြစ်သူ ဦးအောင်နိုင်ထွေးမှ ၎င်းသာလျှင် တရားဝင်အမည် ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများအနက်မှ စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါယာမြေ အရောင်း အဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) စာအုပ်(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၃၉၄/၂၀၁၇)**
**အမှတ် (၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**နေပြည်တော်၊ ဖုန်း-၀၉-၄၀၁၅၃၄၆၆**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်ခင်(ခ)တန်ရှုတ်ခင်
### အသက် (၁၀၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရွှေဗားကရာကွန်ဒို၊ ဗားကရာလမ်းမကြီး၊ အမှတ် (127/2F)နေ [ဦးသောင်းစိန်(ခ)ကေ့သောင်းစိန်]၏ ချစ်လှစွာသောဇနီး၊ [ဦးဝင်းမြင့်(ခ)ဦးကောက်]-ဒေါ်သဲသဲ၊ (ဦးမြသွင်)-ဒေါ်ဘေဘီ(ခ)ဒေါ်လူစီ၊ [ဦးမောင်မောင်စိန်(ခ)ဦးစိမ်း]-ဒေါ်ဝိုင်းမော်၊ ဦးကျော်ထွန်းအောင်-ဒေါ်စီစီကေး (Happy World Amusement Zone, 7 Mile Resort)၊ ဒေါ်ခင်ခင်လှ(ခ)ဒေါ်မေရီကေး (Happy Family Food & Drink)၊ ဦးအောင်နိုင်ထွန်-ဒေါ်ခင်စန္ဒီ (Happy Burger Food & Drink)၊ ဒေါ်အေးအေး(ခ)ဒေါ်ဖြူဖြူထွေးတို့၏မွေးသမိခင်၊ မြေး (၁၂)ယောက်၊ မြစ် (၁၃) ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၂၃ရက် ၇:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၄-၂၀၂၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီ ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ဒေါ်သန်းသန်းကြွယ် (Helen Lim)
## အထက်တန်းပြဆရာမ(ငြိမ်း)
## [ကျုံပျော်၊ ကွမ်းခြံကုန်း၊ ဒဂုံ (၂)၊ မြောက်ဥက္ကလာပ(၆)၊ အလုံ (၆)]
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးဂျင်ဟိုက်-ဒေါ်အိအိ)တို့၏သမီးထွေး၊ ဒေါ်လှလှကြီး၏တူမ၊ (ဦးဝင်းထိန်)-ဒေါ်အိအိခင်၊ ဦးမျိုးမြင့်-ဒေါ်တင်တင်ဝင်း၊ (ဦးမြင့်သိန်း)-ဒေါ်ခင်စန်းဝင်း၊ (ဒေါ်ခင်လှလှ)၊ ဒေါက်တာဘဟန်-ဒေါ်တင်တင်အေး၊ ဒေါ်မြင့်မြင့်သိန်း၊ (ဒေါ်ခင်အေးအေး)၊ (ဒေါ်အေးအေးကြည်)တို့၏ညီမ၊ ဦးအောင်သူ-ဒေါ်ခင်မြတ်နိုင်၊ ဒေါ်စုစုဝင်း-ဦးညီငြိမ်းအေး၊ ဒေါက်တာ ခိုင်ဇင်ဦး-ဦးမျိုးသန်းတင်၊ ဒေါ်လဲ့လဲ့ဝင်း-ဦးကျော်နိုင်၊ ဒေါ်သင်းသင်းဝင်း၊ ဒေါ်သီသီမြင့်၊ Hester Han Burdman-Michael Burdman, Harry Han, ဦးစိုးထွန်းအောင်-ဒေါ်ခရစ္စတင်းနားထွန်းတို့၏အဒေါ်၊ မြေး ခြောက်ယောက်တို့၏ဘွားလေးသည် ၁၅-၄-၂၀၂၃ရက် မွန်းလွဲ ၁:၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၄-၂၀၂၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## သုဓမ္မမဏိဇောတဓရဘွဲ့၊ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ
## ဘုရားဒါယကာကြီး
# ဦးမျိုးမင်းဇော်(ခ)စိုင်းဘိုဘို
## အလုပ်အမှုဆောင်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)
## ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
### အသက်(၅၁)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ အလုပ်အမှုဆောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌ ဦးမျိုးမင်းဇော် (ခ)စိုင်းဘိုဘို အသက်(၅၁)နှစ် ၊ ဒေါ်နန်းယိုင်းနွံ၏ ချစ်လှစွာသော ခင်ပွန်း၊ သား(၂)ယောက်တို့၏ ဖခင်သည် ၁၂-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ဃ/၄၁၃၃၆, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၇/မလန(နိုင်) ၀၄၅၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/65622, Dayang 110 ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/1005 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်မြင့် ၁၂/တကန(နိုင်)၁၃၉၇၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်း ရပ်ရပ်ကွက်၊ ဦးပိုင်အမှတ် ၇၈ᵐ/၇၊ ပိုင်ဆိုင်ခွင့်(L) မြေမျိုးနှင့် အတန်းမြို့မြေ ဧရိယာ(၀ဒသမ၇၉၀)ထဲမှ အိမ်ရှေ့မျက်နှာစာ(၄၅)ပေ၊ အိမ်နောက်(၅၈)ပေ၊ အရှေ့အနောက်(၁၀၄)ပေ (၄၅ x ၅၈ x ၁၀၄ x ၁၀၄)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်မြင့် ၇/လပတ(နိုင်) ၁၅၅၈၅၂ထံမှ ဝယ်ယူရန်အတွက် (၁၁-၁၂-၂၀၂၂)ရက်တွင် အပိုင်ဝယ်ယူသူ ဦးကိုကိုဒွေး ၇/နတလ(နိုင်) ၁၄၄၅၉၄၊ ဒေါ်မေတ္တာမွန် ၇/လပတ(နိုင်) ၁၆၅၄၂၈တို့သည် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး နောက် (၂၅-၁၂-၂၀၂၂)ရက်တွင် ကျန်ငွေအား တစ်လုံးတစ်ခဲတည်း အပြေအကြေ ပေးချေကာ အပိုင်ဝယ်ယူပြီးနောက် ထိုနေ့တွင် လက်ရောက်ရရှိကာ လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်နေထိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် LL.B,Dip.in Eng,DL-101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၄/၁၇)**
**မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများ အဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေးပိုမိုကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။



## ကျိုက်မရောတွင် ဒေသထွက် ဒူးရင်းသီးများ စတင်ထွက်ရှိနေပြီး ဈေးကောင်းရရှိ

ကျိုက်မရော မေ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နတ်စမ်းရွာဒေသထွက် ဒူးရင်းသီးများ စတင်ထွက်ရှိနေပြီး သင်္ကြန်ကာလအလွန်တွင် ဈေးကောင်းရရှိနေကြောင်း ဒူးရင်းခြံပိုင်ရှင်များထံမှ သိရသည်။ နတ်စမ်းဒေသထွက် ထိုင်းနိုင်ငံဒူးရင်းသီးမျိုးကတော့ ကျိုက်မရောမြို့၏ အကောင်းဆုံး ဒေသထွက်သီးနှံဖြစ်၍ အမြို့မြို့အနယ်နယ်မှ စားဖူးသူများ အကြိုက်ဖြစ်ကာ

စာမျက်နှာ ၁၈ ကော်လံ ၁ ❖

## လိဒ်စ်ကို ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲပျောက်ဆုံးမှုများ အဆုံးသတ်နိုင်ခဲ့သည့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှ မေ ၁၈ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် လိဒ်စ်နှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာရရှိရေး မျှော်လင့်ချက်အားကောင်းလာခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်ကို လိဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၃၆၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ ○



လိဒ်စ်အသင်းဘက်သို့ လီဗာပူးတိုက်စစ်ကစားသမား ဂတ်ပို ဂိုးသွင်းယူစဉ်။

ယနေ့ သတင်းအညွှန်း

မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ သို့ဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ အများအပြား ဖော်ထုတ်သိမ်းဆည်းရမိ

ပြည်တွင်းသတင်း စာ ၂၂

တရားမဝင်သစ်မျိုးစုံ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ ၂၃

## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်မှ အုပ်စု(ခ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် မေ ၁၈

၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်မှ မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် အုပ်စု(က) ပွဲစဉ်များကို ဗီယက်နမ်၊ အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံတို့က အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ■